စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# အိမ်ကြီးမာယာ

## ဂျာနယ်ကျော်ဦးချစ်မောင်

ရွှေလင်းယုန်

တတိယအကြိမ်


mgyoe.com

mgyoe.com

ဂျာနယ်ကျော်ဦးချစ်မောင်၏
တစ်မျိုးတစ်ဘာသာလက်ရာ စုံထောက်ဝတ္ထုကြီး၊
ဂျာနယ်ကျော်တွင် ဆက်တိုက်ထည့်စဉ်က
ဂျာနယ်စောင်ရေ တက်ခဲ့ရသော ပရိသတ်ကြိုက်
ဇာတ်လမ်းကောင်းတစ်ပုဒ်၊

# သိမ်ကြီးမာယာ

## ဂျာနယ်ကျော်ဦးချစ်မောင်

ရွှေလင်းယုန်



MML0031
2,500.00 KS

mgyoe.com

အိပ်ကြီးမာယား၊ ဂျာနယ်ကျော်ဦးချစ်မောင်
မျက်နှာဖုံးပန်းချီ - ပုတ်သုန်၊ စာမျက်နှာ ၁၉၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၀ ပြည့်နှစ်၊ သီဟရတနာစာပေ၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အိမ်ကြီးမာယာ

## ဂျာနယ်ကျော်ဦးချစ်မောင်

(ရွှေလင်းယုန်)

စာတိံပယေဒါဖြိုမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

တစ်နေ့သ၌ သားရေဖုံးဖြင့် ချုပ်ထားသော ဈေးနှုန်းသတင်းစာများ စာအုပ်ကြီးကို လှန်လှောကြည့်မိသည်။ ဈေးနှုန်းသတင်းစာထုတ်ဝေသော နှစ်မှာ ၁၉၃၄ ခုနှစ် ဖြစ်သည်။ ဈေးနှုန်းသတင်းစာထဲ၌ ရွှေလင်းယုန်ရေးသော ခန်းဆက်ဝတ္ထုရှည်များကို မမျှော်လင့်ဘဲ သွားတွေ့သည်။ ထိုဝတ္ထုရှည်များမှာ 'ဟုတ်ပါ့မလား'၊ 'အိမ်ကြီးမာယာ' များဖြစ်သည်။ ကျွန်မနှင့် အိမ်ထောင်မပြုမီက ရွှေလင်းယုန်သည် 'သူ' ဝတ္ထုကြီးကို မြန်မာ့အလင်း နေ့စဉ်သတင်းစာတွင် ရေးပြီး ဖြစ်သည်။ နောက်နောက်က ဤကဲ့သို့ ဝတ္ထုရှည်များ အခန်းဆက်ရေးသားခဲ့သည်ကို ဘာကြောင့် မပြောပြသနည်းဟု အံ့ဩမိသည်။ ဤအကြောင်းကို ကျွန်မ မေးကြည့်သောအခါ "ဈေးနှုန်းသတင်းစာတိုက်ရှင် ဦးစံသိန်းက သူ့သတင်းစာ လူဖတ်နည်းသေးလို့ စုံထောက်ဝတ္ထုရှည်ရေးပေးစမ်းပါ ပူဆာတာနဲ့ ရေးပေးရတာပါ" ဟု ပြောပြသည်။

ဂျာနယ်ကျော် ထုတ်ဝေကြသည့်အခါ မြန်မာ့အလင်းတွင် ရေးသားခဲ့သော 'သူ' ဝတ္ထုကြီးကဲ့သို့ ဝတ္ထုတစ်ပုဒ်ရေးပေးရန် တိုက်တွန်းကြည့်သည်။ ဝတ္ထုရှည်မဆိုထားနှင့်၊ ဝတ္ထုတိုရေးသားရန်အချိန်အားရရှိသည် မဟုတ်၍ သူ့ထံမှ ဝတ္ထုကော်ပီရရန် မျှော်လင့်၍ မရဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com


၁၉၄၀ ခုနှစ်၌ ဂျာနယ်ကျော်တွင် ဝတ္ထုတိုတစ်ပုဒ်ရေးရန် ကျွန်မက တိုက်တွန်းသည်။ ဂျာနယ်တစ်စောင်လုံး ဖျောက်ဆိပ်ကဲ့သို့ သူချည်းကြိ နေရတာများသဖြင့် ပထမတော့ ရေးမလိုလိုနှင့် အချိန်ကျလျှင် သူများဝတ္ထု တိုတစ်ပုဒ် ရှာထည့်ရသည်သာ ဖြစ်သည်။ ကျွန်မသည် သူ့ထံမှ ဝတ္ထုရေး ရန် ထပ်မံ၍ တိုက်တွန်းမနေဘဲ ၁၉၃၄ – ၃၅ ခုနှစ်လောက်က သူရေးခဲ့သော ဝတ္ထုရှည်များကိုပြန်၍ ထည့်ရန် အကြံရမိသည်။

ဈေးနှုန်းသတင်းစာ ဖိုင်တွဲကြီးများကိုဖွင့်၍ ရှာလှန်ကြည့်နေခိုက် 'ဘာလုပ်မလို့လဲ' ဟု သူက လှမ်းမေးသည်။ 'ဒီအထဲက ဝတ္ထုတွေ ဂျာနယ် ကျော်မှာ ပြန်ထည့်မလို့' ဟု ကျွန်မက ပြန်၍ ပြောသည်။

"ဘယ်မဟုတ်တာ...၊ ဘယ်ကောင်းပါ့မလဲ"

'ဘာဖြစ်လို့မကောင်းရမှာလဲ' ဟု ကျွန်မက သူ့ကို စူးစမ်းသော အကြည့်ဖြင့် ပြန်၍ မေးမိသည်။

"အမှန်ပြောရရင် အဲဒီအချိန်လောက်က ဝတ္ထုစရေးတဲ့ အချိန်လည်း ဖြစ်တယ်။ ဦးစံသိန်းက စုံထောက်ဆန်ဆန် ဝတ္ထုတစ်ပုဒ်ရေးဖို့ အတင်းမရ မက တောင်းနေတော့ သူ့ထမင်းလခကြွေးကလည်း မှန်မှန်မပေးနိုင်ဘဲ နေ့စဉ် စားနေလို့ မျက်နှာပူရတာကလည်း ရှိတော့ မျက်နှာမပူရဘဲ ထမင်းကလေး မှန်မှန်စားရပါစေတော့လို့ ရေးပေးလိုက်တာ၊ ကိုယ်ရေးပြီး ကိုယ်ရေးခဲ့တယ် လို့ ဝတ္ထုစာရင်းထဲတောင် မထည့်မိဘူး။ အသက် ၂၀ လောက်တုန်းက စရေးခဲ့တာဆိုပါတော့"

သူက ဂျာနယ်ကျော်၌ မထည့်ရန် ကန့်ကွက်လေသည်။

ကျွန်မမှာ ဈေးနှုန်းသတင်းစာတွင် ပါရှိသော ဝတ္ထုများကို ပြန့်ဖတ် ကာ အားလုံးအနက် 'အိမ်ကြီးမာယာ' ကို ဂျာနယ်ကျော်၌ ထည့်ရန် ရွေး ချယ်လိုက်သည်။ ထိုစဉ်က အိမ်ကြီးမာယာဝတ္ထုကို ရှေ့ဘာဖြစ်မလဲဆိုသည့် စွဲလမ်းစိတ်ဖြင့် ဖတ်ကြည့်မိသည်။ ဇာတ်လမ်း၏ ရည်ရွယ်ချက်၊ ဇာတ်အိမ် တည်ဆောက်ပုံ ခိုင်မာမှုရှိမရှိ၊ အရေးအသား စသည်တို့ကို ဝေဖန်စစ်ကြော သောအကြည့်၊ အမြင်ဖြင့် ဖတ်ခဲ့ခြင်းမျိုး မဟုတ်ပေ။ ဖတ်၍ကောင်းပြီး စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိခြင်းသည် ဝတ္ထုကောင်းတစ်ပုဒ်ဟု ယူဆမိ သည်။

mgyoe.com

mgyoe.com



ထို့ကြောင့် ကျွန်မက ဂျာနယ်ကျော်ထဲ၌ ထည့်ရန် အတန်တန်တိုက်တွန်းသည်။ သူက ဂျာနယ်ကျော်ထဲ၌ မထည့်ရန် အတန်တန်ငြင်းပယ်သည်။

ကျွန်မ ရှုံးရတော့ မလိုဖြစ်နေ၍ ဤဝတ္ထုများကို ဖတ်ခဲ့ဖူးသော သူ့မိတ်ဆွေများအား စစ်ကူတောင်းရသည်။ အိမ်ကြီးမာယာ ဖတ်ဖူးသော မိတ်ဆွေများက စာအုပ်လုံးချင်း ထုတ်ရောင်းရန်ပင် ကောင်းကြောင်း၊ ထည့်သင့်ကြောင်း စစ်ကူပေးကြသည်။ ကျွန်မက ဂျာနယ်ထဲ၌ ထည့်ရန်လုပ်သော အခါ မသက်သာသောအကြည့်ဖြင့် 'တစ်ပုဒ်ရေးပေးပါ့မယ်၊ ဒီဝတ္ထုမထည့်ပါနဲ့' ဆိုသေးသည်။ ဒီတစ်ပုဒ်က ကမ္ဘာလဆန်းမှရလိမ့်မယ်။ လက်ထဲရှိတာ ထည့်ရမှာပဲဆိုပြီး စာစီရန် စာမူချပေးလိုက်သည်။

ဂျာနယ်ကျော်ထဲ၌ အိမ်ကြီးမာယာဝတ္ထုပါလာသည့်အခါ ဤဝတ္ထုကြောင့် စောင်ရေပိုရိုက်လာရသည်။ 'ဘယ့်နှယ်ရှိစ' ဟု ကျွန်မက ပြောလေသည်။ 'စွံသွားတာကို' ဟု သူဖြေသောအဖြေကို ကျွန်မက အားမရဘဲရှိ၍ 'စာဖတ်ပရိသတ်ကပဲ ကောင်းလို့လက်ခံနေပြီပဲ' ဟု ဆိုလိုက်သေးသည်။

လွန်ခဲ့သော ၂၇ နှစ်ခန့်က ဂျာနယ်ကျော်ထဲတွင် အိမ်ကြီးမာယာဝတ္ထု ဖတ်ဖူးသော ပရိသတ်များ ယခုတိုင်ရှိကြသည်။ ထိုစဉ်က ဤဝတ္ထုကို စွဲစွဲလမ်းလမ်းဖြင့် ဖတ်ခဲ့ကြကြောင်း ဂျာနယ်ကျော် စာဖတ်ပရိသတ်ကို သက်သေပြစရာရှိလေသည်။ ဂျာနယ်ထဲ၌ ဝတ္ထုပါနေသည့်အချိန်တွင် လက်ပွေ့စာအုပ်ရောင်းသည့်ကုလားများတိုက်တွင် စာအုပ်ချုပ်၍ မပြီးမီ စောင့်၍ယူကြသည်။

"ကုလားတွေ ဝီရိယကောင်းနေတာ၊ ဒီဝတ္ထုအဆက်မရမှာစိုးလို့ လာစောင့်ယူကြတာ"

ကျွန်မက ဝတ္ထုမထည့်ချင်သော သူ့ကို ဂုဏ်ယူ၍ ပြောပြသည်။ စာအုပ်ရောင်းသော ကုလားအဘိုးကြီးက ကျွန်မကို ထောက်ခံလေ၏။

"အရင်တစ်ပတ်က ဆပ် စာအုပ်တစ်အုပ် မပေးနိုင်ဘူး။ အဘိုးကြီးကို စိတ်ဆိုးတယ်၊ ဒီထဲမှာ သရဲကြီးရှိတယ်။ အားကြီးကြိုက်တယ်"

ကုလားအဘိုးကြီးပြောပုံကို သဘောကျ၍ သူက အားရပါးရရယ်နေသည်။

mgyoe.com

mgyoe.com


ရှေးခေတ်က စာအုပ်ရောင်းသော ကုလားများမှာ စာမတတ်ကြသော်လည်း စာအုပ်ရောင်းရန် ယူခါနီးတွင် မျက်နှာဖုံး၊ အတွင်းရုပ်များ လှန်လှော ကြည့်ပြီး သူတို့စိတ်နှင့်တွေ့လျှင် တွေ့သလို စောင်ရေကို ပိုယူကြသည်။ ဂျာနယ်ကျော်ထဲ၌ အိမ်ကြီးမာယာဝတ္ထုပါနေခိုက် ကုလားများမှာ စာအုပ် မထွက်မီ ကြိုတင်၍လာပြီး အမှာပေးနေကြသည်။

တစ်ခေတ်တစ်ချိန်က လူကြိုက်များခဲ့သော ဤဝတ္ထုကို စာအုပ်ထုတ်ရန် ဦးချစ်မောင်၏သားများဖြစ်သော မောင်သိန်းတန်နှင့် မောင်မိုးဟိန်းတို့က တိုက်တွန်းကြသောအခါ ကျွန်မဤဝတ္ထုကို ပြန်၍ ဖတ်ကြည့်သည်။

လွန်ခဲ့သော အနှစ် ၃၀ လောက်က ကျွန်မ ဖတ်ခဲ့သော၊ နှစ်သက် စွဲလမ်းခဲ့သော ဝတ္ထုမှာ ယခုကျွန်မပြန်၍ ဖတ်သည့်အခါတွင် မနှစ်သက်၊ မစွဲလမ်းတော့ပေ။ ပြန်၍ဖတ်နေရင်းမှ ကျွန်မ မကြိုက်တော့သဖြင့် "ဒါကြောင့် ဟိုစဉ်ကမထည့်ရန် သူအတန်တန် ကန့်ကွက်တာပဲ" ဟု နားလည်သွားသည်။ ဇာတ်အိမ်မခိုင်မာမှုရှိမရှိ၊ ဇာတ်လမ်း ဇာတ်ကွက် စသည်များကို ရသမြောက်မမြောက် ယနေ့စာပေ အဆင့်အတန်းအနေဖြင့် ကြည့်လျှင် အားနည်းချက် ချို့ယွင်းမှုများ တွေ့ရသည်။

ဂျာနယ်ကျော်ထဲ၌ အိမ်ကြီးမာယာဝတ္ထုကို ထည့်စဉ်က မတွေ့မမြင်မိသော ဝတ္ထု၏ချို့ယွင်းချက်ကလေးများကို အခုမှတွေ့ရ၊ မြင်ရမှုကြောင့် လွန်ခဲ့သည့် အနှစ် ၃၀ လောက်က စာပေအမြင်နှင့် ယခုယနေ့စာပေအမြင် ခြားနားမှုကို ကိုယ့်ကိုယ်ကိုယ်ပြန်၍ သတိပြုမိသည်။

သပြေဦးကို လုံးပန်းနေကြသော ကိုအောင်ဇေယျနှင့် မောင်သိန်းတန်တို့က ရိုက်ဖို့ဘက်ကတစ်ဖက်၊ ကျွန်မက မရိုက်သင့်ကြောင်း တစ်ဖက်နှင့် အငြင်းပွားနေကြသည်။

ထိုအခိုက် ပုဂံစာအုပ်တိုက်မှ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီး မာယာဝတ္ထုကို ကျွန်မတို့ စာအုပ်တိုက်မှ ထုတ်မထုတ်၊ မထုတ်လျှင် ပုဂံ တိုက်မှ ထုတ်ချင်သည်ဟု အပြောရှိလာသည်။

ထိုအခါ အိမ်ကြီးမာယာ စာအုပ်ရိုက်ချင်သူတို့မှာ ငြင်းပယ်နေသော ကျွန်မကိုထပ်၍ ပြောဆိုရန် အားရှိ၍လာကြသည်။

"ရွှေလင်းယုန် ငယ်စဉ်က ရေးတဲ့စာတစ်ပုဒ် အမှတ်အသားအဖြစ်

mgyoe.com

ထုတ်ဖို့သင့်ပါတယ်" ဟု ထုတ်ဝေရန် တိုက်တွန်းကြပြန်သည်။

အိမ်ကြီးမာယာဝတ္ထုကို ကျွန်မ ပြန်၍ ဖတ်ရပြန်သည်။ အရေးအသားနှင့်ပတ်သက်၍ သူ၏ရေးဟန်အတိုင်း ပြေပြစ်ကောင်းမွန်ခြင်းမှာ ပြောစရာမရှိ။ ဇာတ်လမ်းတစ်ခုလုံးတွင် အသည်းထိတ်စရာ၊ သနားစရာတွေဖြင့် ဇာတ်ကောင်ဇာတ်လမ်း ပေါင်းစပ်ထားရာတွင် ဖတ်ကောင်းအောင် ရေးနိုင်စွမ်းရှိသော ရေးနည်းဟန်မှာ ဆွဲဆောင်မှုအရှိဆုံးဖြစ်နေသည်ကို တွေ့ရှိရသည်။ ဇာတ်လမ်းနှင့်ပတ်သက်၍ကား အားမရသောအချက်များ သွားတွေ့ပြန်သည်။

မိန်းကလေးတစ်ယောက်အကြောင်းပြု၍ ရန်ကုန်သို့ လိုက်လာခြင်းမှာ ဤမိန်းကလေး၏နေရပ်လိပ်စာကို အမှုလိုက်ပေးသော အဒေါ်ကြီးသားအမိထံ၌ စုံစမ်းခြင်းလည်း မဖော်ပြ၊ ရန်ကုန်မြို့ကြီး၌ လိပ်စာနေရပ်မသိဘဲ မတွေ့တွေ့အောင် ရှာရမည်ဆိုသည့်အချက်ကို တွေ့ရှိရ၍ ဤအချက်တစ်ချက်ဖြင့်ပင် စာအုပ်အဖြစ် ထုတ်ဝေရန် စိတ်မပါဘဲ ဖြစ်နေသည်။

ဝတ္ထုဇာတ်အိမ် ခိုင်မာစေရန်၊ ဇာတ်လမ်းချိတ်ဆက်မပြတ် မဟာစေရန် လိုအပ်သမျှများကို စေ့စေ့စပ်စပ်လိုက်၍ ကျွန်မစိတ်ကြိုက် ပြင်လိုက်ချင်သည်မှာ လက်ယား၍နေလေသည်။ ကျွန်မမှာ ဤသို့ပြုလုပ်ပိုင်ခွင့် မရှိပေ။ သူ့အရှိအတိုင်းသာ ထားရမည်ဖြစ်သည့်အတွက် ဤစာအုပ်ထုတ်ဝေရေးကို ထုတ်သင့်မထုတ်သင့် ရွှေလင်းယုန်အား စိတ်ဖြင့်အခါခါ ပန်ကြားကြည့်မိသည်။

ရွှေလင်းယုန်ရှိစဉ်ကပင် ဂျာနယ်ထဲ၌ မထည့်ရန် ကန့်ကွက်တားမြစ်ပါလျက် သူရှိပါက မည်သည့်နည်းနှင့်မျှ ထုတ်ခွင့်ပြုမည် မဟုတ်သည့်အတွက် စိတ်ဖြင့် တစ်ဖန်ပြန်၍ သူ့ထံမှ ငြင်းဆန်မှုကို ကြားနေမိပြန်သည်။

ယင်းသို့ဖြင့် စာအုပ်ထုတ်ဝေရန် ကျွန်မ ဝေခွဲ၍မရအောင် ဖြစ်နေသည်။

"ဒီအိမ်ကြီးမာယာဝတ္ထုသာ မဟုတ်ဘူး၊ ဂျာနယ်ကျော်ထဲမှာ ရေးသွားတဲ့ခေါင်းကြီးတွေ၊ သူတို့အပြောတွေ၊ ဝတ္ထုတိုတွေ၊ ဘာသာပြန်ဝတ္ထုတွေ၊ စစ်နဲ့ပတ်သက်လို့ ထင်မြင်ချက်ပေးသွားတဲ့ စစ်သတင်းဆောင်းပါးအားလုံး စာအုပ်အဖြစ် ပြန်ထုတ်ဖို့ သပြေဦးက ဆောင်ရွက်ပါ့မယ်။ နောက်ဆုံး

mgyoe.com


သူငယ်ရွယ်စဉ်က ရေးမှတ်ထားတဲ့ သူ့မှတ်စုစာအုပ်ကြီးပါ စာအုပ်အဖြစ် ထုတ်ဝေမယ်၊ သူ့လက်ရာအားလုံးစုဆောင်းရှာဖွေပြီး ပြန်ပြီး ပုံနှိပ်မယ်"

စသည်... စသည်ဖြင့် ကျွန်မကို ဝိုင်းပြောကြမှ ကျွန်မမှာ ဒီလိုဆိုရင်တော့ ထုတ်တော့ဟု ပြောကာ စာအုပ်ထုတ်ရန် ဘဝင်ကျသွားသည်။

ဘဝင်ကျသွားသည့်အကြောင်းမှာ ရွှေလင်းယုန်အား လေးစားသော ဂျာနယ်ကျော်ခေတ်နှင့် ယခုခေတ် စာဖတ်ပရိသတ်များအား သူငယ်စဉ်က ရေးသွားသည့် ဝတ္ထုရှည်တစ်ပုဒ်ကို ဖတ်ရှုစေလိုသော စေတနာပင် ဖြစ်ပါသည်။

ဂျာနယ်ကျော်မမလေး
၄-၁၁-၆၇

mgyoe.com

mgyoe.com

# ( ၁ )

ကိုမင်းဟန်က "သွား သွား ဘာမှအားမနာနဲ့၊ ခင်ဗျားစိတ်ကြိုက်ပဲ၊ ကျုပ်ကဆိုရင် သူအထူးတလည် ဂရုစိုက်ပါလိမ့်မယ်" ဟု ထပ်တလဲလဲ ပြောသဖြင့်သာ ကျွန်တော့်မှာ ကိုမင်းဟန်၏မော်တော်ကားကို စီးရင်း ၎င်းပေး လိုက်သော လိပ်စာအတိုင်း လိုက်ပါလာခဲ့ရသော်လည်း ဤရန်ကုန်မြို့ကြီး တွင် ကောင်းမွန်ခံ့ညားသော တိုက်တာအိမ်ရာဆိုက နေ့၌အားလျှင် ညဘက် တွင် လူငှားရပြီးဖြစ်တတ်သောကြောင့် ဟန်မှ ကျပါမည်လားဟု စိတ်၌ တထင့်ထင့် ဖြစ်နေမိလေ၏။

ကျွန်တော့်မှာ စစ်ကိုင်းမြို့မှ လိုက်ပါလာ၍ ရန်ကုန်မြေကို နင်းမိသည် မှာ နာရီဝက်သာသာမျှ ရှိသေး၏။ ရောက်လျှင်ရောက်ချင်းပင် ကောလိပ် ၌ စာသင်ကြစဉ်က ကျွန်တော်နှင့် အထူးတလည် ချစ်ကျွမ်းဝင်ခဲ့သော ကိုမင်းဟန်မှာ စုံထောက်ဘက်ဆိုင်ရာ ဝန်ထောက်ကြီး ဦးမင်းဟန်ဖြစ်၍ နေသည်ကို တွေ့ရှိရပေ၏။

ကိုမင်းဟန်သည် ကျွန်တော့်အား အထုပ်အပိုးများနှင့် တွေ့ရသည့် အတွက် များစွာ အံ့အားသင့်သောအနေဖြင့်–

"ဟော့ ကိုမြင့်မောင်၊ ဘယ့်နှယ်–ဘယ်လို သဘောနဲ့လဲ"

"ဘယ်လိုသဘောနဲ့မှ မဟုတ်ဘူးဆရာ၊ ဒီမှာနေဖို့ လာခဲ့တာပဲ"

"အလို တယ်ဆန်းပါလား၊ အစကတော့ ရန်ကုန်ဟာ ငရဲဆို"

mgyoe.com

mgyoe.com


"ဒီလိုပေါ့ဗျာ၊ အခုတော့ နိဗ္ဗာန်လို့ထင်ပြီကိုးဗျ"

"အကြောင်းက..."

"အကြောင်းကတွေ ဘာတွေထားဦး၊ ကျုပ်ကို နေရာထိုင်ခင်းတစ်ခု ရှာပေးဦး။ အေးအေးလူလူ ရှင်းရှင်းလင်းလင်းရှိတဲ့နေရာမှာ"

"ဟာ အခန့်သင့်ပဲဗျို့၊ မိမိမြ မနေ့ကပဲ ပြောသွားတယ်။ ချာချီလမ်းက သူ့တိုက်တစ်လုံးဟာ အားသွားပြီတဲ့၊ ချာချီလမ်းဆိုတော့ လူသွားလူလာ အရှင်းသားကလား၊ ကဲ–ဒါဖြင့် မိမိမြဆီသွားပေတော့၊ ကျုပ်တော့ အလုပ်မအားတတ်သေးလို့ မလိုက်နိုင်ဘူး။ ကားယူသွားတာပေါ့၊ ပြီးမှ စကားစမြည် ပြောတာပေါ့ ဟုတ်လား"

"အေးဗျ–ကြည့်ရှုလုပ်စမ်းပါဦး၊ ကျုပ်အကြောင်းလည်း ခင်ဗျား အသိသားပဲ"

"အံ့သဗျာ၊ ခင်ဗျားလို ရန်ကုန်ကိုပစ်ပစ်ခါခါကြီးမုန်းတဲ့လူတစ်ယောက် ဒီလာပြီး အမှုလိုက်တော့မယ်လို့ ရုတ်တရက် ဆုံးဖြတ်လိုက်တယ်ဆိုတာ အဟုတ်ကို အံ့စရာပဲ။ ကဲ–ကဲ သွားလိုက်ဦး၊ မိမိမြတို့တိုက်တော့ အကြိုက်ဖြစ်မှာပါပဲ..." ဟူ၍ ပြောလိုက်သောကြောင့် ၎င်း၏ကားကိုစီးလျက် မိမိမြဆိုသူထံသို့ လိုက်ပါလာလေ၏။

ကျွန်တော့်တွင် ရှေးဦးပထမ၌ အိမ်ကောင်းကောင်း တစ်လုံးရဖို့ရန် အရေးကြီးနေသဖြင့် အိမ်ရမှရပါမည်လား၊ဟု ကြောင့်ကြခြင်း စိတ်များဖြစ်ပွားမိ၏။ နောက်မှ မိမိမြဟု ဆိုသောသူနှင့် ယခုတွေ့ရန် သွားရောက်ရာတွင် မိမိမြဆိုသူမှာ မည်ကဲ့သို့သော သူပေနည်း၊ မဟာမျိုး မဟာနွယ်ထဲကပေလော၊ ကိုမင်းဟန်၏စကားထဲတွင် ချာချီလမ်းမှာရှိတဲ့ တိုက်တစ်လုံးဟုပါရာ ၎င်း မိမိမြတွင် ဧကန်အခြား၌လည်း တိုက်တာအိမ်ရာများရှိကောင်း ရှိပေလိမ့်မည်။ မဟာမျိုးမဟာနွယ်ထဲမှ ဤကဲ့သို့ချမ်းသာ ကြွယ်ဝနေလျှင် ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည် စသဖြင့် မမြင်ဖူးသော မိမိမြ၏အကြောင်းကို အမျိုးမျိုး အဖုံဖုံ စဉ်းစားမိလေ၏။

မော်တော်ကားလည်း တစ်ခုသော ဝင်းကြီးအတွင်းသို့ ထိုးဝင်၍ သွားပြီးလျှင် အလွန်ခံ့ညားသပ်ရပ်သော တိုက်ကြီးတစ်လုံးရှေ့တွင် ထိုး၍ ရပ်လိုက်လေ၏။

mgyoe.com

mgyoe.com
လူတစ်ယောက်သည် ပျာယီးပျာယာ ကားရှိရာသို့ ပြေးလာပြီးလျှင် ကျွန်တော့်အား အရိုအသေပေးလျက် "ဘာကိစ္စပါလဲခင်ဗျာ" ဟု ပြောလေ၏။ ထိုသူအား အကဲခတ်ရသည်မှာ ထိုသူသည် အစဉ်အပြတ် သူတစ်ထူးအား အရိုအသေပေးနေရသူနှင့် တူလေ၏။ ၎င်းအား ကြည့်ခြင်းဖြင့် မိမိပြဆိုသူသည် မာနကြီးသူ၊ စည်းကမ်းကြီးသူဖြစ်၍ နေမည်လောဟု အလိုအလျောက် တွေးတောမိလေ၏။

"မိမိပြဆိုတာ မရှိပါလားဗျာ၊ တစ်ဆိတ်တွေ့ချင်လို့"

"မမဘုရား ရှိပါတယ် ရှိပါတယ်၊ ခဏ္ဍ သည်ဘက်ကြွပါ၊ သည်မှာ ထိုင်ပါဦး၊ သွားပြီး လျှောက်ထားလိုက်ပါဦးမယ်" ဟု ပြောပြောဆိုဆို ကိုယ်ကို လိုသည်ထက်ပို၍ယို့ပြီး ထွက်သွားသည့်အတွက် ကျွန်တော်လည်း မိမိပြကား ကျွန်တော် တွေးထင်သည့်အတိုင်း မာနကြီးသော ဆွေတော်မျိုးတော်ထဲမှ ဖြစ်ပေလိမ့်မည်။ အိမ်၌ ထားပုံသိုပုံမှာလည်း သပ်ရပ်လှ၏။ ပြောရာဆိုရာ၌ ချိုချိုသာသာရှိမှ ရှိပါမည်လားဟု စိုးရိမ်သလိုလို ဖြစ်နေစဉ် ထိုသူသည် ပြန်၍ထွက်လာကာ

"မမဘုရားက အတွင်းသို့ တစ်ဆိတ်ကြွပါတဲ့" ဟု ပြောပြောဆိုဆို ၎င်းက ရှေ့ကဝင်၍ သွားခြင်းကြောင့် ကျွန်တော့်မှာ အတွင်းသို့ လိုက်ပါသွားရလေ၏။

အခန်းတွင်းသို့ရောက်၍ တစ်ခုသော ကုလားထိုင်၌ထိုင်မိလျှင် ထိုင်မိချင်းပင် အတွင်းဆီမှ အသက်အရွယ် ၂၅ နှစ်ကျော် ၂၆ နှစ်ခန့်ရှိလျက် ရုပ်ရည်ရူပကာယအားဖြင့်လည်း လွန်စွာချောမွေ့ပြေပြစ် ကျစ်လျစ်တင့်တယ် ရှုစဖွယ်ကောင်းသော မိန်းကလေးတစ်ယောက် ရုတ်တရက် ထွက်လာသည်ကို တွေ့ရသောကြောင့် ကျွန်တော်ကပင် စတင်လျက်...

"တစ်ဆိတ်ခင်ဗျာ၊ မိမိပြကို တွေ့ချင်လို့လာခဲ့ပါတယ်"

"ကျွန်မ ပါပဲရှင်၊ ဘာကိစ္စရှိလို့ပါလဲ"

အသံမှာ လွန်စွာငြိမ့်ညောင်း သာယာသော အသံဖြစ်လျက် ပြောလိုက်ပုံကလည်း လွန်စွာ ယဉ်ကျေးသိမ်မွေ့လှသည်ဖြစ်သောကြောင့် မိမိပြသည် မာနကြီးသောသူတစ်ယောက်ဖြစ်လိမ့်မည်ဟု စောစောက ကျွန်တော် တွေးထင်ခဲ့လေသမျှမှာ ယခုမှ တသီကြီးလွဲမှားနေသည်ကို တွေ့ရှိရလေ၏။
mgyoe.com

mgyoe.com


ထို့ပြင် မိမိမြမှာ အသက်အရွယ်ကြီးပြီဟု ကျွန်တော် ထင်ခဲ့၏။ ယခုသော် ကျွန်တော်ထက် အသက် ၃-၄ နှစ်ခန့်ပင် ငယ်ရွယ်ပုံရနေသည်ကို သိရလေသည်။

"ဩော်.. ကျွန်တော်က အထက်ကပါ၊ ရန်ကုန်မှာ နေမယ်လို့ အခုနကပဲ ရောက်လာပါတယ်။ အေးအေးလူလူနဲ့ နေဖို့ အိမ်တစ်လုံးလိုချင်တယ်ဆိုတာနဲ့ ကိုမင်းဟန်က ဒီပဲညွှန်လိုက်လို့ တစ်ခါတည်း ဒီကို လိုက်လာခဲ့တာပဲ"

"ဩော်... ကိုမင်းဟန်ရဲ့ အသိမိတ်ဆွေကိုး၊ အနို့ သူက ဘယ်လမ်းက အိမ်အားတယ်လို့ ပြောလိုက်ပါသလဲ"

"ချာချီလမ်းက တိုက်ဖြင့်အားပြီလို့ မိမိမြက ပြောသွားတယ်ဆို ထင်ပါရဲ့"

"အို... တကယ့်အားနာစရာ ဖြစ်နေတော့တာပဲရှင်၊ ချာချီလမ်းက တိုက်ကို ခုနကပဲ လူတစ်ယောက် ငှားသွားတယ်၊ အခုတင်လေးပဲ၊ ဒီကနဲ့ နည်းနည်းကလေးပဲ လွဲသွားတယ်...။ မြို့ထဲမှာ နေချင်တယ်ဆိုရင်တော့"

ကျွန်တော်မှာ ချာချီလမ်း၌ ရှိသည်ဆိုသော အိမ်ကို မမြင်ဖူး၊ မတွေ့ဖူးသော်လည်း ယခုကဲ့သို့ လက်မတင်ကလေး လက်လွတ်သွားသည့်အတွက် အလွန်နှမြောတသလျက် စိတ်များပင် သပ်မိလေ၏။

"ခက်တာပဲဗျာ၊ ကျွန်တော်က ရန်ကုန်မှာ နေတယ်ဆိုပေနဲ့ လူတွေ ရှုပ်ယှက်ခတ်သွားနေတာတွေကို တယ်ပြီးမကြည့်ချင်ဘူး။ ကြည့်လို့မရဘူး။ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ လူသွားလူလာ တော်တော့်ကို ပြတ်လပ်တဲ့ နေရာမျိုးမှာသာ နေချင်တယ်။ ချာချီလမ်းဆိုရင်တော့ နေပျော်ရဲ့ဆိုပြီး အားခဲလိုက်လာခဲ့တာပဲ"

"ဒီလိုလူသူပြတ်လပ်တဲ့ နေရာဆိုရင် ချာချီလမ်းက တိုက်နဲ့တော့ သိပ်အခန့်သင့်မှာပဲရှင်။ ကျွန်မကလည်း အစက မသိလို့၊ သိရင်ဖြင့် ဒီလို မဖြစ်စေရပါဘူး။ မြို့ထဲမှာဆိုရင်တော့ တိုက်ခပ်သန့်သန့် ၃-၄ လုံးလောက် ရှိပါသေးရဲ့"

"အနို့ မိမိမြ မိတ်ဆွေတွေထဲက တစ်ဦးတစ်ယောက်မှ နေရာရှင်းရှင်းမှာ အိမ်ငှားဖို့ မရှိကြဘူးလား"

mgyoe.com

mgyoe.com


"ရှိ မထင်ပါဘူးရှင်၊ ခုအခါဆိုတော့ ခပ်ကျပ်ကျပ်ပဲ"

ကျွန်တော့်မှာ စိတ်ပျက်သွားခြင်းကို မည်သို့ ထင်ရှားပေါ်လွင်အောင် ပြုမိသည်မသိ၊ မိမိမြသည် အတန်ကြာစဉ်းစားနေပြီးမှ...

"အဲ တစ်နေရာတော့ ရှိတယ်ရှင့်၊ ရွှေတောင်ကြားထဲက ကျွန်မ ပိုင်ပါပဲ၊ ရှင်အလိုရှိသလို လူသွားလူလာဖြင့် အင်မတန်ကို ရှင်းတာပဲ"

"ဂိုးလဒင်းဗယ်လီလား၊ ဂိုးလဒင်းဗယ်လီဆိုရင်တော့ ကျွန်တော် အကြိုက်ပဲဗျို့၊ သာပြီးကောင်းပါသေးတယ်။ ကဲ ဒါဖြင့် အဲဒီအိမ်မှာပဲ တစ်ခါတည်းနေတော့မယ်၊ ဘယ်လောက်ဆိုတာသာ အမိန့်ရှိပေတော့"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်ရှင့်"

"ဘာလဲ အခစားနားလား။ ဒါတွေက ကိစ္စမရှိပါဘူးဗျာ၊ ကိုမင်းဟန်လည်း ကျွန်တော့်အကြောင်းကို ၁သိတန်သရွေ့ သိပါတယ်။ ကဲ– ဒီညပဲ ကျွန်တော် ပြောင်းရလိမ့်မယ်ထင်တယ်။ ညနေ ၅ နာရီလောက် ကွန်တီနင်တယ်ကို ဒီကလူတစ်ယောက် လွှတ်လိုက်ပါ။ ကျွန်တော် ကိုမင်းဟန်နဲ့ အသင့်စောင့်နေပါမယ်၊ ဟိုကျတော့သာ ဆိုင်ရာကို ဟောဒီကတ်ကလေး ပြလိုက်ပါ"

မိမိမြသည် ကျွန်တော်ထုတ်၍ပေးသော စက္ကူကတ်ကလေးကို လှမ်း၍ယူငင်ကာ အပေါ်၌လှပသော စာလုံးများဖြင့် ပုံနှိပ်ထားသည့် (မြင့်မောင် ဘီအေ၊ ဘီအက်စီ၊ ဘီအယ်လ်) ဟူသော ကျွန်တော်၏အမည်ကို လှပသော မျက်လုံးများဖြင့် ကြည့်၍နေလေ၏။ တစ်ဖန် ထိုမျက်လုံးများသည် ကျွန်တော်၏အမည်ရေးသားထားသော ထိုကတ်ပြားကလေးမှ မသိမသာ ကွာ၍ ကြမ်းပြင်ကိုစူးစိုက်၍ ကြည့်နေကြလေ၏။ မိမိမြသည် လှပ ညက်ညောသော မျက်နှာပြင်ပေါ်တွင် တစ်စုံတစ်ခုကို ဝေခွဲ၍မရသဖြင့် အကြံရကျပ်နေသော အမူအရာသည် ရုတ်တရက်ပေါ်၍လာသည်ဟု ကျွန်တော့်စိတ်တွင် ထင်မြင်မိလေ၏။

များသောအားဖြင့် တိုက်ရှင်၊ အိမ်ရှင်တို့သည် လူငှားရသောအခါ ဝမ်းသာသော အမူအရာကို ပြကြသည်ချည်းဖြစ်လျက် မိမိမြတစ်ယောက်တည်းတွင်မှ အိမ်ငှားရသည်ကိုပင် စိတ်လေးနေသယောင်ယောင် အသွင်အပြင်ကိုဆောင်နေသည်မှာ အံ့ဖွယ်ရာပါတကားဟုလည်း စဉ်းစားမိလေ၏။

ကျွန်တော့်မှာ စစ်ကိုင်းမြို့တွင်သာမဟုတ်၊ အထက်မြန်မာပြည်တစ်

mgyoe.com

"သြော်– ဝန်ထောက်မင်းက စာကလေးတစ်စောင် ဦးမြင့်မောင်လာမေးရင်ပေးဖို့ဆိုပြီး ကျွန်တော့်ကို မှာသွားလို့ပါ…"

ကျွန်တော်လည်း မည်သည့်အကြောင်းများ ဖြစ်ပါလိမ့်မည်နည်းဟု သိချင်ဇောနှင့် ကိုမင်းဟန်ပေးခဲ့သည်ဆိုသော စာကိုဖွင့်၍ ဖတ်ကြည့်ရာ ကိုမင်းဟန်သည် စုံထောက်ရန် အရေးအကြီးဆုံးသောကိစ္စတစ်ခုဖြင့် ရုတ်တရက် စုံထောက်မင်းကြီးနှင့်အတူ တောမြို့တစ်မြို့သို့ လိုက်ပါသွားရကြောင်း၊ ကျွန်တော် ရောက်လာသည့်နေ့တွင်မှ ဤကဲ့သို့ ကိစ္စပေါ်ပေါက်ရသည့်အတွက် များစွာ ဝမ်းနည်းကြောင်း၊ ၎င်း၏ကားဖြင့် ၎င်း၏နှမများ အစ်မများအိမ်သို့သွားကာ နေထိုင်လိုက နေထိုင်နိုင်ကြောင်း၊ ၎င်းမှ ရက်အနည်းငယ်ကြာမည်ဖြစ်သော်လည်း အမှုကိစ္စပြီးစီးလျှင် ပြီးစီးချင်း ပြန်၍လာမည်ဖြစ်ကြောင်း၊ ထိုအခါကျမှပင် ပြောစရာဆိုစရာရှိသမျှကို ပြောဆိုတော့မည်ဖြစ်ကြောင်းနှင့် ရေးသားထားသည်ကို တွေ့ရလေ၏။

ကျွန်တော့်မှာ ထိုစာကို ဖတ်ပြီးသောအခါ များစွာစိတ်ပျက်၍ သွားပေ၏။ ရန်ကုန်မြို့ပေါ်တွင် ကျွန်တော်နှင့် သိကျွမ်းသူ အမြောက်အမြားရှိသော်လည်း ကိုမင်းဟန်ကိုမူ အခင်မင်ဆုံးဖြစ်၍ ရန်ကုန်မြို့သို့လာခဲ့ရာတွင် ၎င်းတစ်ဦးတည်းကိုသာ အားကိုးရင်းရှိ၏။ ယခု ကျွန်တော် ရောက်မဆိုက်တွင်ပင် ကိုမင်းဟန်မှာ ရန်ကုန်မြို့မှ အလုပ်ကိစ္စနှင့် ထွက်ခွာသွားသည်ဖြစ်ရာ ကျွန်တော့်မှာ ၎င်းပြန်၍ မလာမချင်း တစ်ဦးတည်း မည်သို့စခန်းသွားရမည်ကို စဉ်းစား၍ မရဘဲရှိလေ၏။

ကိုမင်းဟန်၏စာတွင် ၎င်း၏နှမများ အစ်မထံသို့သွားကာ နေလိုက နေနိုင်ကြောင်းပါရှိသော်လည်း ထိုသို့သွားရောက် နေထိုင်ဖို့ကိုကား စိတ်မျှမကူးမိ၊ မိမိမြထံမှ ငှားခဲ့သော အိမ်၌ပင် သွားရောက်နေထိုင်မည်။ စစ်ကိုင်းမှ ကျွန်တော်၏အခိုင်းအစေကြီး ကိုရေမွှေးလည်း ၃–၄ ရက်အတွင်း ရောက်လာမည်ဖြစ်ခြင်းကြောင့် ကိုမင်းဟန် ကြန့်ကြာနေသည့်တိုင်အောင်အတွက် မရှိဟု စိတ်ကိုဖြေရပြန်ကာ အချိန်လည်း စောသေးသည်နှင့် ဝတ်လုံတော်ရကြီး ဦးဝေလင်းထံသို့ သွားရောက်လေ၏။

ကျွန်တော် ရန်ကုန်မြို့သို့ လာမည်ဖြစ်ကြောင်းကို ကိုမင်းဟန်ထံသို့ အကြောင်းမကြားသည်မှာ မှန်သော်လည်း ဦးဝေလင်းထံသို့မူကား လွှန်ခဲ့

mgyoe.com

mgyoe.com

သော ၁၀–ရက်ခန့်ကပင် ကြိုတင်၍ အကြောင်းကြားထားပြီးဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းမြို့ကိုစွန့်၍ ရန်ကုန်မြို့သို့ သွားရောက်မည်ဆိုလျှင် ကျွန်တော့်မှာ မည်မျှလောက်ပင် ကြွယ်ဝချမ်းသာသူဖြစ်စေကာမူ အလုပ်နှင့်အကိုင်နှင့်ရှိမှ သင့်တော်မည်ဖြစ်ခြင်းကြောင့် ဟိုက်ကုတ်လွှတ်တော်တွင် အမှုများလိုက်ရန် စာရင်းတင်သွင်းဖို့ လိုနေသေးသည့်အတွက် ဦးဝေလင်းက အကြောင်းပြုပေးရန် ကြိုတင်အကြောင်းထားရခြင်းဖြစ်ပေ၏။

ကျွန်တော်သည် ရန်ကုန်မြို့၌ ယခင်ကနေခဲ့ရာတွင် ငရဲ၌ ကျရောက်သောသူကဲ့သို့ဖြစ်ခဲ့၍ ရန်ကုန်မြို့၌ ရွှေများပုံ၍ ပေးထားစေကာမူ မနေလိုဟု ကိုမင်းဟန်အား ပြောဆိုကာ နေရင်းရပ်ဌာန စစ်ကိုင်းသို့ပြန်ပြီးလျှင် အမှုလိုက်၍ နေခဲ့ခြင်းဖြစ်သော်လည်း လွန်ခဲ့သော ၂ လခန့်ကမူ ကျွန်တော်၏စိတ်တွင် ကြီးစွာပြောင်းလဲခြင်းတစ်မျိုး ပေါ်ပေါက်လာခဲ့၏။ ထိုပြောင်းလဲခြင်းပေါ်ပေါက်လာခဲ့သည့် နေ့ရက်အချိန်၊ နာရီကစ၍ ကျွန်တော့်တွင် စစ်ကိုင်းမြို့၌ ဆက်လက်နေချင်သောစိတ်မရှိ၊ ရန်ကုန်မြို့သို့သွားရောက်ရန်သာ စိတ်အားထက်သန်နေခဲ့လေ၏။

စိတ်ပြောင်းလဲလာပုံမှာလည်း ထိုအခါက စစ်ကိုင်းတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ပြောဆိုကြသည့်အမှုတစ်ခုကို လိုက်မိရာမှ အစဖြစ်လေ၏။

အမှုမှာ တစ်မြို့တစ်ရွာမှလာ၍နေသည့် ကိုသိန်းမောင်ဆိုသော စာရေးတစ်ယောက် ရုတ်တရက်ထူးဆန်းစွာ သေဆုံးသွားရာ ထမင်းလခပေး၍ စားသောအိမ်မှ အိမ်ရှင်၏သမီးကပင် စိတ်နာနာနှင့် အဆိပ်ကျွေး၍ သတ်ခြင်းဖြစ်ကြောင်းနှင့် ဆွေမျိုးများက ဆိုင်ရာမှနေ၍ တရားစွဲဆိုသောကြောင့် ထိုမိန်းကလေးအား သက်သေခိုင်လုံသည်ဆိုကာ အပြစ်ပေးမည်ရှိရာတွင် ကျွန်တော့်မှာ သူတစ်ထူးအား သနားကြင်နာ တတ်သူဖြစ်၍ မနေသာတော့ဘဲ ထိုတရားခံမကလေးဘက်မှနေ၍ အခမဲ့လိုက်ပါဆောင်ရွက်ခဲ့လေ၏။

လျှောက်လဲချက်များ ပေးရမည့်နေ့တွင် ကျွန်တော်လည်း အများသောသူတို့၏အားပေးခြင်းအရ ကျနစွာ လျှောက်လဲချေပလိုက်မည်ဟု ကြိမ်းဝါးကာ တစ်ခါဖူးမျှ ကြိုတင်တွေးတော စီစဉ်ခြင်းမပြုလုပ်ခဲ့သော်လည်း ထိုအမှုတွင်ကား ကြိုတင်၍ လျှောက်လဲချေပရန် အချက်တို့ကို ဆင်ခြင်မှတ်သားထားလေ၏။

mgyoe.com

mgyoe.com


အချိန်ကျ၍ ကျွန်တော် ရုံးခန်းတွင်းသို့ဝင်ရောက်သွားသောအခါ ရုံးခန်းတွင်းမှ ဟော–လာပြီ–လာပြီဟု တစ်ခဲနက် ပြောဆိုသံများကို ကြားရလေ၏။ ၎င်းတို့သည် ကျွန်တော်၏အလာကို အားရဝမ်းသာကြခြင်းဖြစ်၍ ကျွန်တော့်တွင် ကန့်ကွက်ဖွယ်ရာမရှိသော်လည်း တရားသူကြီးရောက်နေက ထိုသို့တစ်ခဲနက်ပြောဆိုခြင်းဟာ မသင့်ဟု တရားခွင်သို့ လှမ်း၍ကြည့်လိုက်ရာ တရားသူကြီးမရောက်သေးသည်ကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားလေ၏။

ရုံးခန်းပတ်ဝန်းကျင်သို့ လှည့်၍ ကြည့်လိုက်သောအခါ ရုံးခန်းတစ်ခုလုံးပြည့်ကျပ်လျက် လူတိုင်းပင် ကျွန်တော့်ကိုချည်း စူးစိုက်ကြည့်ရှုနေကြသည်ကို တွေ့ရလေ၏။ တစ်ခုသောထောင့်တွင် တရားခံမကလေး၏မိခင်အား ညှိုးငယ်စွာ ထိုင်၍နေသည်ကို တွေ့ရလေ၏။ တစ်ဖန် ၎င်း၏အနီး တွင်ကပ်လျက် စစ်ကိုင်းမြို့ပေါ်တွင် တစ်ခါမျှ မမြင်ဖူးသော အလွန်လှပချောမွေ့သည့် မိန်းမပျိုကလေးတစ်ယောက်လည်း ထိုင်နေသည်ကို တွေ့ရရာ ထိုလှပထိန်ဝင်းအဆင်းရူပကာယနှင့် ပြည့်စုံသော မျက်နှာကလေးဆီမှ ကျွန်တော့်မျက်စိများကို ရုတ်တရက်လွှဲယူ၍ မရနိုင်ဘဲ စိုက်ပြီးကြည့်နေမိလေ၏။ ထိုမိန်းမပျိုကလေးသည် အစကပင် ကျွန်တော့်အား ကြည့်၍နေဟန်တူလျက် ၎င်းအား ကျွန်တော်စိုက်၍ ကြည့်နေမှန်းသိသောအခါ ၎င်းသည် တရားခံကလေး၏မိခင်ဘက်သို့လှည့်၍ စကားပြောနေသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း မည်မျှလောက်ကြာမြင့်စွာ စူးစိုက်၍ကြည့်နေမိသည်ကို မသိ၊ ဝုန်းခနဲအသံကြားလိုက်မှ တရားသူကြီး ဝင်လာမှန်းသိကာ အခြားသူများနှင့် ရောနှော၍ ထလိုက်ရလေ၏။

တရားသူကြီး အမှုခေါ်ရန် ပြင်ဆင်နေသည့် အတောအတွင်းတွင်လည်း ကျွန်တော့်၏မျက်စိများသည် ထိုမိန်းမပျိုကလေး၏ မျက်နှာပေါ်တွင် ရစ်ဝဲ၍ နေပြန်ရာ ထိုမိန်းမပျိုကလေးကလည်း အဆိုပါ မိန်းမကြီးဘက်သို့ လှည့်၍ စကားပြောဟန်ပြုနေပြန်လေ၏။

ကျွန်တော်၏ရင်တွင်းတွင် တစ်စုံတစ်ခုသည် ပြင်းထန်စွာ လှုပ်ရှား၍နေလေ၏။ စိတ်ထဲ၌လည်း ဝမ်းသာခြင်းတစ်မျိုးဖြစ်ကာ ထိုမိန်းကလေးကို ပိုင်ဆိုင်လိုသော စိတ်ဓာတ်တို့သာ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသော

mgyoe.com

ကြောင့် ကြာသော် ကျွန်တော်၏ အမှုကိုပင် မေ့နေမည်ကိုစိုးသောကြောင့် ၎င်းအားဆက်၍ မကြည့်ဝံ့တော့ဘဲ အသာခေါင်းငုံ့နေလိုက်ရလေ၏။

အမှုကိုလျှောက်လဲရန် ကျွန်တော့်အလှည့်သို့ ကျရောက်သောအခါ ရုံးခန်းတစ်ခုလုံးမှာ ဆိတ်ငြိမ်၍ ကျွန်တော်၏ အသံသည်သာ ပေါ်လွင်ပြတ်သားစွာ ထွက်ပေါ်၍လာလေ၏။ အတန်ငယ်ချေပမိသောအခါ ရုံးခန်းတွင်းရှိ လူများမှာ ခေါင်းတညိတ်ညိတ်ဖြစ်နေလျက် ရုံးခန်းထောင့်ဆီမှ မိန်းမပျိုကလေးမှာလည်း တိုးတက်ရွှင်လန်းလာပုံရလေ၏။ ဤတွင် ကျွန်တော့်မှာ သာ၍အားတက်ကာ ဆက်လက်ချေပလျှောက်လဲရာ တရားသူကြီးမှာ ကျွန်တော်၏ လျှောက်လဲချက်များကို နှစ်သက်သဘောကျ၍ အများကပင် အပြစ်ကျခံရလိမ့်မည်ဟု ထင်မှတ်နေသော တရားခံမကလေးအား တရားသေလွှတ်ပစ်လိုက်ပြီးလျှင် အခြားအမှုတစ်ခုကို ခေါ်လေ၏။

လူထုကြီးလည်း အားရဝမ်းသာစွာ ရုံးခန်းတွင်းမှ ထွက်သွားကြရာ ကျွန်တော့်မှာ ဒုတိယအမှုတွင်လည်း လျှောက်လဲရန် လက်ခံမိပြီးဖြစ်သောကြောင့် အပြင်သို့မထွက်နိုင်ဘဲ မိန်းမပျိုကလေးဆီသို့သာ လှမ်း၍ကြည့်လိုက်သည့်တွင် အလွန်ကျေးဇူးတင်သည့် အမူအရာဖြင့် ကျွန်တော့်အား ကြည့်လျက် ရုံးခန်းတွင်းမှ ထွက်သွားသည်ကို မြင်လိုက်ရသောကြောင့် ကြက်သီးများထအောင်ပင် ဝမ်းမြောက်ခြင်းဖြစ်မိလေ၏။

ကျွန်တော့်မှာ ထိုမိန်းမပျိုကလေးအား ကြည့်၍မဝသေးသောကြောင့် ရုံးပြင်သို့ထွက်၍လိုက်ရန် ကြံစည်ပါသော်လည်း တရားသူကြီးက ကျွန်တော့်အား ဒုတိယအမှု၌ ဘာမေးလိုသေးသနည်းဟု မေးခွန်းထုတ်နေသည့်အတွက် စိတ်အပျက်ကြီးပျက်လျက်နှင့်ပင် တာဝန်ဝတ္တရားရှိသည့်အတိုင်း တရားလိုကို မေးခွန်းများ ထုတ်နေရလေ၏။

ထိုနေ့က ရုံးဆင်းလျှင်ဆင်းချင်းပင် ကျွန်တော်လည်း ထိုမိန်းမပျိုကလေးအား တစ်နည်းနည်းဖြင့် လိုက်လံရှာဖွေရန် အကြံပြု၍ ရုံးထဲမှ မော်တော်ကားဖြင့် ထွက်လာခဲ့ရာ ရုံးဝင်းအပြင်ဘက်တွင် ကျွန်တော့်အား စောင့်ဆိုင်းနေဟန်ရှိသော နံနက်က လွတ်သွားသည့် တရားခံမကလေးနှင့် ၎င်း၏ မိခင်ကြီးကို တွေ့ရသောကြောင့် ကားကိုရပ်တန့်လိုက်လေ၏။ ၎င်းတို့နှစ်ဦးလည်း ကျွန်တော့်ထံသို့ ချဉ်းကပ်လာကာ မိန်းမကြီးက...

mgyoe.com

mgyoe.com


"သာဓုပါမောင်ရယ် သာဓု၊ သာဓု၊ ဒီကသမီးဟာ မောင်ပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ အမေကြီးဖြင့် ဒီသမီးတော့တစ်ခါတည်း..."

"အို ပြုခွင့်ရှိလို့ပြုရတာပါ...၊ ကျွန်တော့်မှာ ဘာမှဝန်မလေးပါဘူး။ ဒီက ကလေးမလေး လွတ်မြောက်တဲ့အတွက် ကျွန်တော်လည်း ဝမ်းသာပါ တယ်။ အနို့ အိမ်ပြန်ကြမယ် မဟုတ်လား၊ ဒါဖြင့် လာလေ တစ်ခါတည်း ကား ပေါ်တက်၊ ကျွန်တော် လိုက်ပို့လိုက်မယ်..."

"နေပါစေ မောင်ရင် နေပါစေ၊ မောင်ရင့် ကျေးဇူးအမေကြီးတို့အပေါ် မှာ ဆပ်မကုန်အောင် များလှပါပြီ ထပ်ပြီး"

"အို... အခေါ်ကလည်း ကျေးဇူးတင်စရာမဟုတ်တာ ကျေးဇူးတင် နေရပြန်ပါပြီ၊ ကလေးမကလေးဟာ လွတ်ထိုက်လို့ လွတ်တာပဲ။ ကဲဒါတွေ ပြီးတာပြီးပါစေတော့၊ ကားပေါ်တက်ကြပါ တက်ကလေးမ တက်" ဟု ကျွန်တော်က မရမကခေါ်နေ၍ ကျွန်တော့်အား မလွန်ဆန်လိုသောကြောင့် ၎င်းတို့နှစ်ဦးလည်း နောက်ကဝင်၍ထိုင်ရာ ကျွန်တော်လည်း ၎င်းတို့နေရာ လင်းဇင်းဘက်သို့ လိုက်၍ပို့လိုက်လေ၏။

၎င်းတို့အိမ်ရှေ့သို့ ကားကိုရပ်ပေးသောအခါ ၎င်းတို့လည်း ဆင်းကြ ပြီးလျှင် ကျွန်တော့်အား မရမကခေါ်ငင်ခြင်းကြောင့် ကျွန်တော်လည်း နေ့လယ်က မြင်လိုက်ရသော မိန်းမပျိုကလေးအား တွေ့လိုတွေ့နိုး မျှော်ကိုး လျက် များစွာငြင်းဆန်မနေဘဲ အိမ်တွင်းသို့လိုက်ပါသွား၏။

အိမ်တွင်းသို့ရောက်သောအခါ ကျွန်တော့်အတွက် အရန်သင့်ပြင်ဆင် ထားသော စားကောင်းသောက်ဖွယ်တို့ကို တစ်ခုစီလာ၍ ချသောကြောင့် ကျွန်တော့်မှာ ထုံးစံအတိုင်း ဒုက္ခမရှာပါနှင့်ဟု တားမြစ်ရသော်လည်း ၎င်းတို့ မှာကား တကယ့်စေတနာနှင့် ကျေးဇူးဆပ်နေသောကြောင့် ကြာသော် အလိုက်သင့် ကြည့်နေရလေ၏။

ကျွန်တော့်အား အချိုပွဲ၊ အချဉ်ပွဲတို့ဖြင့် ဝိုင်းရံမိသောအခါ သားအမိ နှစ်ယောက်လည်း ကျွန်တော်၏မလှမ်းမကမ်းတွင် ရှိသေစွာ ထိုင်ကာ စား သုံးရန် တောင်းပန်ကြလေ၏။ ကျွန်တော့်မှာ ငြင်းဆန်၍ နေသော်လည်း ရမည်မဟုတ်မှန်းကို သိသောကြောင့် အလိုက်သင့်စားသောက်ရင်း နေ့လယ် က မိန်းမပျိုကလေးအား တွေ့ရနိုးနိုးနှင့် တစိုးတစိ ကြည့်ရှုမိလေ၏။

mgyoe.com

သို့သော် အရိပ်အခြေကိုမျှ မမြင်ရသောကြောင့် မည်သည့်နည်းဖြင့် မေးလျှင် ကောင်းမည်နည်းဟု စဉ်းစားနေစဉ်ပင် အမယ်ကြီးက...

"သုံးဆောင်ပါ မောင်ရင် သုံးဆောင်ပါ...၊ ဒီလုံမကလေးဟာဖြင့် မောင်ပေးတဲ့ အသက်ပဲရှိတော့တယ်။ စောစောကဖြင့် အမေကြီးမှာ ရှူးမတတ် မီးတောက်ခဲ့ရတယ်၊ မောင့်ကျေးဇူးဟာ အမေကြီးတို့အပေါ်မှာ..."

"ဩော်... အဒေါ်ရယ် ဒီဟာတော့ ကလေးမရဲ့ကုသိုလ်ကံပါ။ တရားကို နတ်စောင့်ဆိုတာလို တရားအတိုင်းဖြစ်အောင် နတ်ကောင်းများ စောင်မတာပါပဲ"

"ဟုတ်ရိုးလားမောင်ရယ်...၊ တရားကို နတ်စောင့်ရင် စောစောကတည်းက ဒီလုံမကလေးဟာ အစွပ်စွဲခံရဖို့မလိုပါဘူး။ အခုတော့ တရားကို မောင်စောင့်ပေလို့ပေါ့။ မစောင့်ရင် ငါးပါးမက အပါးတစ်ရာမှောက်ပြီကွယ်။ မောင့်ကျေးဇူး မောင့်ကျေးဇူး"

ကျွန်တော့်မှာ ကျေးဇူးအထူးတလည်တင်၍ နေသူများကို ကျေးဇူးမတင်ပါနှင့်ဟု ပြောဆို၍ ရမည်မဟုတ်သဖြင့် အသာနားထောင်၍ နေရလေ၏။

အမယ်ကြီးလည်း ဆက်လက်၍

"မောင့်တော့ မခင်ယုံကဖြင့် အင်မတန်ကို ကျေးဇူးတင်သွားတာပဲ၊ အခုနေ သူသာရှိရင် ပြောလိုက်မယ့်ဖြစ်ခြင်း၊ ဘုတာရောက်တာတောင် ဟိုရှေ့နေကြီးကို ကျွန်မ ကျေးဇူးတင်လိုက်တာ ဒေါ်ဒေါ်ရယ်တဲ့"

ကျွန်တော့်မှာ နေ့လယ်ကမြင်လိုက်ရသော မိန်းမပျိုကလေးအကြောင်းကို သိလိုခိုက် အမယ်ကြီးက "မခင်ယုံ" ဟု ပြောသောအခါ ရုတ်တရက်...

"မခင်ယုံဆိုတာ ဘယ်သူပါလိမ့် ဒေါ်ဒေါ်"

"မောင်မြင်မိသလားတော့ မသိဘူး။ နေ့လယ်က မောင်မမောမပန်း ပြောနေတုန်း အဒေါ်နဲ့အတူပဲ ရုံးကိုလိုက်လာတယ်။ သူလည်း အစကတော့ အဒေါ့်လို တထိတ်ထိတ်ပဲ၊ နောက် မောင်ထပြီးပြောလို့ တော်တော်ကြာတော့ သူက ဒေါ်ဒေါ်စိတ်မပူနဲ့၊ ဒေါ်ဒေါ့်သမီးတော့ မုချလွတ်လိမ့်မယ်။ ဒီရှေ့နေ တယ်တော်ပါကလားလို့ ပြောလိုက်ရသေးတယ်။ နောက် လုံမကလေးကို လွှတ်လိုက်တော့ မောင်ထွက်များလာလိမ့်ဦးမလားလို့ သုံးယောက်သား

mgyoe.com

စောင့်နေကြသေးတယ်။ မလာနိုင်တာနဲ့ မခင်ယုံလည်း ရန်ကုန်ပြန်ပြီး လိုက်စရာရှိလို့ ဘူတာကိုဆင်းရတယ်။ အို မောင့်ကျေးဇူးဟာ အဒေါ်တို့ တစ်မျိုးလုံးအပေါ်မှာ ရှိနေပြီ" ဟု အမယ်ကြီးက စီကာစဉ်ကာ ပြောနေစဉ် အပြင်မှ ကျွန်တော်၏မိတ်ဆွေတစ်သိုက်က 'ကိုမြင့်မောင် ကိုမြင့်မောင်' ဟု ခေါ်နေခြင်းကြောင့် ကျွန်တော်လည်း ထိုသားအမိကို နှုတ်ဆက်ကာ သူငယ်ချင်းများနှင့် အတူလိုက်ပါခဲ့ရလေ၏။

မခင်ယုံ၏အကြောင်းကို မည်သို့ဆက်၍ မေးရပါမည်နည်းဟု စဉ်းစားနေဆဲ ထိုကဲ့သို့ ရုတ်တရက်လာရောက် နှောင့်ယှက်ခြင်းကြောင့် ပထမ၌ စိတ်ကွက်မိသော်လည်း ၎င်းတို့မှာ ကျွန်တော်နှင့် ငယ်ပေါင်းကြီးဖက်များဖြစ်သောကြောင့် ၎င်းတို့နှင့်အတူ လိုက်ပါသွားရပြန်ကာ တစ်မြို့လုံးကပင် ကျေးဇူးတင်၍ နေသည်ဆိုသော သတင်းစကားကို ၎င်းတို့ဖောက်သည်ချသည့်အတိုင်း နားထောင်နေရလေ၏။

ထိုအခါ ကာလမှစ၍ ကျွန်တော့်နာမည်မှာ စစ်ကိုင်းမြို့ပေါ်တွင် ကြီး၍လာခဲ့လျက် သွားလေရာ၌ မျက်နှာစန်းပွင့်နေလေ၏။ သို့ဖြစ်၍ အခြားသောသူတို့သာဆိုလျှင် မိမိအား အထင်အမြင်ကြီးရာအရပ်၌ တစ်သက်ပတ်လုံးနေထိုင်ကြမည်ဖြစ်သော်လည်း ကျွန်တော့်တွင်ကား ထိုသို့မဟုတ်ဘဲ ရန်ကုန်မြို့သို့သွားရောက်လိုသော စိတ်တို့သာလျှင် တဖွားဖွားပေါ်ပေါက်နေခဲ့လေ၏။

တချို့အမြင်ကျယ်သော ပုဂ္ဂိုလ်တို့ကလည်း ကျွန်တော်ကဲ့သို့ ထက်မြက်သော သူတစ်ဦးသည် မိမိနေရင်းရပ်ရွာ၌ ခိုအောင်းနေခြင်းငှာ မသင့်၊ ရန်ကုန်မြို့သို့ သွားရောက်၍ အမှုလိုက်လျှင် ရှေ့သို့များစွာတိုးတက်ကြီးပွားဦးမည်ဟု ပြောဆိုတိုက်တွန်းကြသောကြောင့် ကျွန်တော့်မှာ လောကငရဲဟု ယခင်က ကျွန်တော်ကိုယ်တိုင် သမုတ်ခဲ့သော ရန်ကုန်မြို့သို့ သွားလိုစိတ်များကို ပယ်ရှားချိုးနှိမ်၍မရဘဲ ရှိခဲ့လေ၏။

သို့ချိုးနှိမ်မရခြင်းမှာ ဟုတ်တိုင်းမှန်ရာကိုဆိုရသော် ရှေ့သို့တိုးတက်နာမည်ကြီးလို၍မဟုတ်၊ ကျွန်တော့်အား တစ်ချက်မျှ ကျေးဇူးအထူးတင်သော မျက်နှာကလေးနှင့် ကြည့်သွားခြင်းဖြင့် ကျွန်တော်၏အသည်းကို နုတ်ယူသွားသူ မခင်ယုံအား မတွေ့တွေ့အောင် ရှာဖွေလျက် ၎င်းနေသော မြို့မှာပင် ၎င်းမသိ သိအောင် အမှုလိုက်ဖို့ စိတ်ကူးမိခြင်းကြောင့်ပင် ဖြစ်၏။

mgyoe.com

mgyoe.com

တစ်နေ့သော်လည်း မြင်ရုံသာမြင်လိုက်ရသော မခင်ယုံ၏စိတ်၊ တစ်နေ့သော်လည်း စကားတစ်ခွန်းမျှ မပြောလိုက်ရသော မခင်ယုံ၏စိတ်နှင့် ကျွန်တော်မှာ စစ်ကိုင်းမြို့တွင် နှစ်လခန့်ကြာ၍ သွားခဲ့လေ၏။ ထိုအတွင်း မခင်ယုံအကြောင်းကိုချည်းတွေးလျက် မခင်ယုံကို တွေ့ရန်ဟုဆိုကာ ဤမဟာပထဝီမြေကြီးကိုပင် လှန်၍ ရှာရစေတော့ဟူသော သဘောဖြင့် ရန်ကုန်မြို့သို့ လိုက်ပါလာခဲ့ခြင်းဖြစ်ပေသတည်း။

*

mgyoe.com

mgyoe.com

# ( ၂ )

ညနေ ၅–နာရီ ဒင်–ဒင်–ဒင်ဟု ထိုးလျှင်ပင် ကျွန်တော် ထိုင်၍စောင့်နေသည့် ကွန်တီနင်တယ်တိုက်အတွင်းသို့ မိမိပြထံမှ စေလွှတ်လိုက်သူလည်း ရောက်၍လာပေ၏။ ဤအခြင်းအရာကို ထောက်ရှုခြင်းဖြင့် မိမိပြမှာ လွန်စွာစနစ်ကျနလျက် အချိန်ကို ကောင်းစွာ အလေးဂရုပြုသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားစွာ သိရလေ၏။

ကျွန်တော်လည်း ထိုသူအား အတန်ငယ် ကျေးမွေးပြီးလျှင် ကိုမင်းဟန်၏ မော်တော်ကားဖြင့် ထွက်လာခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် မိမိပြထံမှ စေလွှတ်လိုက်သူမှာ သေမင်းရှိရာသို့ သွားနေရသူအလား မျက်နှာတွင် ဖြူဖပ်ဖြူရော်ဖြစ်လျက် ကျွန်တော့်ဘက်သို့လည်း တစ်ချက်မျှလှည့်၍ မကြည့်သည်ကို တွေ့ရသဖြင့် ထူးခြားသလို ထင်မိလေ၏။ သို့သော် ကျွန်တော်ကိုယ်တိုင်ကပင် ကိုမင်းဟန် ရုတ်တရက် ရန်ကုန်မှ ထွက်ခွာသွားရခြင်းအတွက် စိတ်ပျက်ပျက်ရှိနေသောကြောင့် ကျွန်တော်၏စိတ်ကို မှန်ကန်စွာ ဝေခွဲနိုင်သည်ဟု မထင်ဘဲရှိခဲ့၍ တစ်စုံတစ်ရာမပြောဘဲ နှစ်ဦးသား ငြိမ်သက်စွာပင် လိုက်ပါလာခဲ့ကြလေ၏။

ရွှေတောင်ကြားခေါ် ဂိုးလ်ဒင်ဗယ်လီအတွင်းသို့ရောက်လျှင် မော်တော်ကားလည်း ပြည်လမ်းကြီးအတိုင်း ကွေ့၍မောင်းနှင်လျက် မြန်မာပြည် ခေတ္တ

mgyoe.com

mgyee.com


ဘုရင်ခံဟောင်း ဆာဂျေအေမောင်ကြီး၏ တိုက်ကို ကျော်လွန်၍ အတန်ကြာသွားမိသည့်အခါတွင် မိမိမြထံမှ စေလွှတ်လိုက်သူ၏ ပြောကြားချက်ကြောင့် တစ်ခုသော ခြံဝတွင် ထိုး၍ရပ်လိုက်လေ၏။

ကျွန်တော်လည်း အတွင်းဘက်သို့လှမ်း၍ ကြည့်လိုက်ရာ ခြံကြီးမှာ အတော်ပင်ကျယ်ဝန်းလျက် တိုက်အိမ်ကြီးမှာလည်း လမ်းမှအတန်ငယ်ကွာဝေးသည်ကို တွေ့ရှိရသောကြောင့် ကျွန်တော့်အကြိုက်ပင်ဖြစ်ပေသည်ဟု အောက်မေ့မိလေ၏။

ခြံဝတွင်ကား လူပေါင်းဆယ့်ငါးယောက်ခန့်သည် ကျွန်တော်တို့အလာကို စောင့်ဆိုင်းနေသည့်အလား ကျွန်တော်တို့ရောက်လျှင် ရောက်ချင်းပင် သုတ်ခြေတင်၍ လျင်မြန်စွာ ခြံပြင်သို့ထွက်၍ သွားကြလေ၏။ မိမိမြထံမှ စေလွှတ်လိုက်သူအား မေးမြန်းကြည့်သည့်အခါတွင် ထိုသူတို့မှာ မိမိမြ၏ အမိန့်အရ လာရောက်သုတ်သင်ရှင်းလင်းကြသူများ ဖြစ်ကြောင်းနှင့် ဖြေကြားလေ၏။

ကျွန်တော်လည်း အလွန်အံ့ဩလျက် "နို့ ဆယ့်ငါးယောက် နှစ်ဆယ်လောက်တောင် များလှချေကလားဗျာ၊ နှစ်ယောက်သုံးယောက်ရှင်းလိုက်ရင်လည်း မကြာပါဘူး"

မိမိမြထံမှ လူသည် ကျွန်တော်၏မျက်နှာကိုမကြည့်ဘဲ မဖြေကြား၍ မဖြစ်သဖြင့်သာ ဖြေကြားရသည့်အလား "မမဘုရားဟာ အလွန်သေချာပါတယ်" ဟုသာ ပြောဆိုလျက် ရှေ့သို့မဆက်ဘဲ နေသောကြောင့် ကျွန်တော်လည်း ကျွန်တော်နေရမည့် တိုက်ကြီးဆီသို့ ဖြည်းညင်းစွာ လျှောက်လာခဲ့ပေ၏။

ခြံအတွင်းတွင်ကား ပန်းပင်ဟူ၍ များစွာမရှိလှဘဲ သစ်ပင်ကြီးများသာ အုပ်ဆိုင်းဝေဆာလျက်ရှိပေ၏။ ထိုခြံ၏လက်ယာဘက်တွင် ခပ်လှမ်းလှမ်း၌ အနောက်နိုင်ငံသားများ ဆောက်လုပ်နေထိုင်တတ်သည့် တဲကလေးပမာဏမျှရှိသော အုတ်တိုက်ကလေးတစ်ခုရှိပေ၏။ လက်ဝဲဘက်၌မူကား အလွန်ကျယ်သော ခြံကြီးတစ်ခုဖြစ်လျက် တိုက်မှာလည်း အတော်ကြီးမားပုံရသည်ကို တွေ့ရ၏။ ထို့ပြင် ဤတိုက်သုံးတိုက်မှတစ်ပါး ဤနေရာတစ်ဝိုက်၌ လူနေအိမ်ဟူ၍ မတွေ့မမြင်ရ၊ လူသွားလူလာလည်း မိမိမြ ပြောသကဲ့သို့

mgyee.com

mgyoe.com


လွန်စွာရှင်းလင်းပြတ်လပ်သဖြင့် ကျွန်တော့်မှာ ဤအိမ်ရောက်လာရခြင်းကိုပင် ကံကောင်းထောက်မသည်ဟု ထင်မြင်မိပေ၏။

တိုက်အတွင်းသို့ ရောက်လာသောအခါ ရှိသမျှ ခတ်မီးတို့ကို ဖွင့်၍ ထားခြင်းကြောင့် အစစအရာရာ သေသပ်စွာ ခင်းကျင်းစီမံထားသည်ကို လွယ်ကူစွာ တွေ့မြင်ရပေ၏။ ကျွန်တော်လည်း မိမိမြထံမှ စေလွှတ်သူအား ကားပေါ်မှပစ္စည်းများကို သယ်ယူ၍ နေရာတကျချပေးရန် ပြောဆိုလျက် အခန်းတစ်ခုပြီးတစ်ခု လျှောက်၍ ကြည့်လေ၏။

အတန်ကြာသောအခါ မိမိမြထံမှ လူကိုခေါ်လျက် ကျွန်တော့်အား ရေချိုးခန်း၊ အိပ်ခန်းစသည်တို့ကို လိုက်လံပြသရန် ခေါ်ငင်ရာထိုသူမှာ များစွာ စိတ်အားထက်သန်ပုံမရ၊ နှုတ်ကဖွင့်၍ မငြင်းဆန်သော်လည်း ငြင်းဆန်သကဲ့သို့ ပြုလုပ်နေသောကြောင့် ကျွန်တော့်မှာ အံ့အားသင့်မိလေ၏။ ထိုသူ၏စိတ်တွင် ကြီးစွာသော ချောက်ချားခြင်းတစ်ခုဖြစ်ပွားနေသည်ကား မုချ ဖြစ်လေပြီ။ အဘယ်သို့သော ချောက်ချားခြင်းမျိုးနည်းဟု ဖွင့်ဟ၍ မေးမည်ကြံသော်လည်း ယနေ့မှ တွေ့ရသူချင်းဖြစ်သောကြောင့် အထင်မလွဲမှားစေလို၍ ခပ်မဆိတ်ပင် နေလိုက်လေ၏။

ထိုသူလည်း ကျွန်တော်ကိုယ်တိုင်က ရှေ့ဆောင်ပြု၍ သွားနေပြီဖြစ်သောကြောင့် ကျွန်တော့်နောက်မှ ထက်ကြပ်မကွာ လိုက်ပါကာ မည်သည့် အခန်းက မည်သို့စသည်ဖြင့် ထုံးစံအတိုင်း ပြောကြားလေ၏။

ညှော့ခန်းအတွင်းသို့ရောက်ရှိသောအခါ ဆိုဖာကုလားထိုင်ကြီးများ စားပွဲကုလားထိုင်များကို နေသားတကျ ခင်းကျင်းထားသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ အံ့အားသင့်ကာ...

"ဘယ့်နှယ် ဒါတွေက ဘယ်သူ့ဟာတွေလဲ"

"မမဘုရားအပိုင်ပါပဲ၊ နို့ပေမဲ့ ဒီမှာထားစေရမယ်လို့ အမိန့်ရှိလို့ပါ"

ကျွန်တော့်မှာ ထူးဆန်းသော အိမ်ရှင်တစ်ဦးနှင့် တွေ့နေဟန်တူလေ၏။ မိမိမြသည် အိမ်ငှားဟူသမျှကို စားပွဲကုလားထိုင်များကို အခန့်သုံးစွဲရန် ပေးနေသလော၊ သို့တည်းမဟုတ် ကျွန်တော့်တွင်မှ ထူးထူးခြားခြား ပေးသလောဟု တွေးတောမိလျက် ထိုအကြောင်းကို ၎င်းထံမှ လွှတ်လိုက်သောသူအား မေးမည်ကြံမိလေ၏။ ထို့နောက် သခင်တစ်ဦး၏မျက်ကွယ်

mgyoe.com

mgyoe.com

၍ ၎င်းအကြောင်းကို ၎င်းအစေခံထံမှ မေးမြန်းစုံစမ်းခြင်းသည် အလွန်သေးသိမ်သော လုပ်ငန်းတစ်ခုဖြစ်ချေ၏ တကားဟု သတိရမိလျက် ပြောမည့်စကားကို မပြောဘဲ ထားလိုက်လေ၏။

အတန်ငယ် မိုးချုပ်၍ ကိုမင်းဟန်၏ ကားမောင်းသမားကိုလည်းကောင်း၊ မိမိမြ၏အစေခံကိုလည်းကောင်း အသီးသီး ကျေးဇူးတင်စကားများပြောကြားလျက် ပြန်ခွင့်ပေးသောအခါ ကားမောင်းသမားတွင်ကား တစ်စုံတစ်ရာမထူးခြားဘဲ မိမိမြ၏အစေခံမှာသာ သက်သာရာရသကဲ့သို့ သက်ပြင်းကြီးချလိုက်သောကြောင့် ကျွန်တော့်မှာ အတွေးရကျပ်နေလေ၏။

ရေမိုးချိုးပြီး ဧည့်ခန်းအတွင်းသို့ ပြန်လည်ရောက်ရှိသောအခါ တစ်ခုသော ဆိုဖာကုလားထိုင်ကြီးပေါ်တွင် ထိုင်လျက် ဆေးလိပ်ကိုခဲရင်း ကျွန်တော် ရန်ကုန်မြေကို နင်းမိသည်ကစ၍ ယခုညချမ်းအချိန်သို့တိုင် တွေ့ကြုံဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို ပြန်ပြောင်းစဉ်းစားလေ၏။

သို့စဉ်းစားရာတွင် မိမိမြသည် အိမ်ငှားရလျက် အခြားသော အိမ်ရှင်များ ဝမ်းမြောက်ဝမ်းသာဖြစ်သည့် လက္ခဏာကိုပြသကြသကဲ့သို့ မပြသရုံမျှမက သူ့အတွက် မဟုတ်လျှင်လည်း ကျွန်တော့်အတွက် ဝမ်းပင်နည်းသလိုလို အမူအရာပြသခြင်း၊ အစေခံနှစ်ယောက် သုံးယောက်ကို စေလွှတ်လျှင်လည်း ပြီးတန်ကောင်းလျက် ဆယ့်ငါးယောက်၊ နှစ်ဆယ်ခန့်ကို စေလွှတ်ပြီးလျှင် တိုက်ကြီးကို ရှင်းလင်းစေခြင်း၊ တစ်ဖန်မေးစမ်းရသည်မရှိဘဲနှင့် ဆိုဖာကုလားထိုင် စားပွဲများစ၍ အိမ်ထောင်ပရိဘောဂတို့ကို တပ်ဆင်၍ပေးခြင်း၊ ဤအချင်းအရာတို့၏ သဘောသွားကို အနုလုံပဋိလုံ ဆင်ခြင်တုံပြုရာ၌ မိမိမြအဘယ်ကြောင့် ထူးခြားခြင်းဖြစ်ရသည်ကိုကား နားမလည်နိုင်အောင် ရှိခဲ့ချေ၏။

ကျွန်တော်၏စိတ်တွင် မိမိမြသာလျှင် ထူးခြားသည်မဟုတ်။ မိမိမြထံမှ စေလွှတ်လိုက်သော အစေခံသည်လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် မဝံ့မစား ကျွန်တော်သွားရာကို မနေသာ၍ လိုက်ပါပုံရခြင်း၊ အခန်းများတွင်းသို့ဝင်သောအခါ ၎င်းကနောက်မှဝင်၍ ထွက်သည့်အခါတွင် ကျွန်တော်မထွက်မီ ထွက်ရန် ကြိုးစားခြင်း၊ တစ်ဖန် ထိုထိုဤဤကျွန်ုပ်ကွေ့မဆည်ဘဲ ကျိုးကန်းတောင်းမှောက်သကဲ့သို့ ယောက်ယက်ခတ်ဖြစ်ခြင်းတို့သည်လည်း

mgyoe.com

ထူးခြား လှ၏။ အဘယ်ကြောင့် ဤသို့ထူးခြားရပါသနည်းဟု စဉ်းစားသည့် အခါတွင် အဖြေကို ရှာ၍မရဘဲ ရှိခဲ့လေ၏။

တစ်ဖန်ကျယ်ဝန်းပြန့်ပြူးသော အခန်းကြီးကိုကြည့်ရင်း ကျွန်တော် တစ်ဦးတည်း ယခုကဲ့သို့ထိုင်နေရခြင်းကို ပျင်းသလိုလို ရှိမိလေ၏။ အကယ်၍ ကိုမင်းဟန်သာရှိပါမူကား ဤအချိန်တွင် စကားလက်ဆုံကျကာ ထူးဆန်းသော မိမိမြ၏အကြောင်းကို သိရကောင်းပြီဟု တွေးတောမိလေ၏။

တစ်ဖန် အေးချမ်းဆိတ်ငြိမ်ခြင်းကို ကြိုက်တတ်သော ကျွန်တော့်အား ကျွက်ကျွက်ညံ၍နေသော ရန်ကုန်မြို့ကြီးသို့မရောက်ရောက်အောင် အဆင်းရုပဖြင့် ဆောင်ခဲ့သော မခင်ယုံကို မတွေ့တွေ့အောင်ရှာဖို့အတွက် ဆက်လက်စဉ်းစားမိပြန်သောအခါ ထိုကိစ္စမှာ လွယ်ကူစွာနှင့် ပြီးမည်မဟုတ်သည်ကို သတိရမိပြန်ပြီးလျှင် သက်ပြင်းကြီးပင် ချမိလေ၏။

ကျွန်တော့်မှာ ခရီးပန်း၍လာသူဖြစ်သောကြောင့် ထိုဧည့်ခန်းတွင် ကြာရှည်စွာ ထိုင်မနေတော့ဘဲ စောစောပင် အိပ်ရာသို့ဝင်ရာ လှဲလိုက်လျှင် အိပ်ပျော်၍သွားလေ၏။

မည်မျှလောက်ကြာသည်မသိ၊ ကျွန်တော်၏နားသို့ ထူးဆန်းသော အသံတစ်ခုဝင်ရောက်၍ လာသလိုလိုရှိသောကြောင့် လန့်၍နိုးကာ ခေါင်းကို ထောင်ပြီး နားစွင့်နေရာ တိုက်ကြီး၏ နေရာတစ်နေရာမှ ချူသံလိုလို ဆက်ကာ ကြားရလေ၏။ ထိုချူသံမှာ ကျွန်တော်နှင့် များစွာဝေးလည်းမဝေး၊ နီးလည်း မနီး ယခုပင် အပေါ်ကလိုလို ကြားရလျက် ယခုပင် ဘေးကလိုလို ဆက်ကာ ဆက်ကာ ကြားနေရပြန်သောကြောင့် ကျွန်တော့်မှာ မည်သည့်အသံများ ဖြစ်ပါလိမ့်မည်နည်းဟု စဉ်းစားတွေးတောရင်း ချွေးများပင် ပြန်၍လာလေ၏။

ပထမ၌သော် ကျွန်တော့်မှာ နိုးမှနိုးပါလေစ၊ အိပ်မက်များပင်မက်၍ နေလေသလောဟု ထင်မိ၏။ သို့သော် ချူသံဟုထင်မှတ်ရသော အသံမှာ တဖြည်းဖြည်း တိုး၍တိုး၍ ကျယ်လောင်လာသလိုလို ရှိသောကြောင့် ကျွန်တော်လည်း စောစောက ခေါင်းအုံးအောက်တွင် ထိုး၍ ထားသော ခြောက်လုံးပြူးသေနတ်ကို စမ်းသပ်ယူငင်ကာ မီးကိုချက်ခနဲ ဖွင့်လိုက်လေ၏။

မီးပွင့်လျှင် ပွင့်ချင်းလိုပင် ချူသံဟုထင်မှတ်ရသော အသံမှာ ရုတ်တရက် ရပ်တန့်သွားသဖြင့် ကျွန်တော်လည်း ထပ်မံကြားရနိုးနိုးဖြင့် အတန်ကြာ

mgyoe.com

mgyee.com


စောင့်ဆိုင်းနားထောင်နေမိလေ၏။ ၁၀ မိနစ်ခန့် စောင့်ဆိုင်းမိသော်လည်း တစ်စုံတစ်ရာ ကြားရခြင်းမရှိသောကြောင့် အစဉ်းစားရကျပ်ကာ မိမိကိုယ်ကို ကယောင်ချောက်ချားဖြစ်ရာသလောဟု တွေးတောအပြစ်တင်မိလျက် အိပ်ရာသို့ တစ်ဖန်ဝင်ပြန်လေ၏။

အိပ်ရာထဲသို့ ရောက်သည့်တိုင်အောင်လည်း စိတ်မချ၍ နားစွင့်ကာ ထောင်နေသေး၏။ သို့ရာတွင် တိုက်ကြီးတစ်ခုလုံးမှာ ဆိတ်ငြိမ်လျက်ရှိခြင်းကြောင့် မကြာမီပင်လျှင် အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

အိပ်ရာမှ နိုးသောအခါ နေလည်း ထန်းတစ်ဖျားခန့်ရှိနေပြီ ဖြစ်လေ၏။ ကျွန်ုပ်တော်လည်း ညက အဖြစ်အပျက်ကို ပြန်လှန်စဉ်းစားရင်း ရေမိုးချိုးပြီးနောက် တိုက်ရှေ့တံခါးကို ဖွင့်လိုက်ရာ ကိုမင်းဟန်၏ကားမောင်းသူကို တွေ့မြင်ရသည့်အတွက် ၎င်းအား 'ကိုမင်းဟန်ပြန်၍ ရောက်မရောက်ကို မေးကြည့်သည့်အခါ ပြန်၍မရောက်သေးကြောင်း၊ ကိုမင်းဟန်၏နှမများ အစ်မများကသာ ကျွန်ုပ်တော်အလိုရှိက သုံးနိုင်ရန် ကားကိုယူသွားဖို့ ပြောဆိုခြင်းကြောင့် ကျွန်ုပ်တော်၏ထံသို့ ယခုကဲ့သို့ လာရောက်ရခြင်းဖြစ်ကြောင်းနှင့် ပြန်လှန်ပြောပြသဖြင့် အလိုက်သင့် ကျေးဇူးတင်စကားများ ပြောကြားကာ မြို့ထဲသို့ မောင်းနှင်ထွက်လာကြလေ၏။

လမ်းတစ်လျှောက်တွင်လည်း ညက ကျွန်ုပ်တော်ကြားရသော ချွှသံလိုလို အသံသည် အဘယ်ကနေ၍ အဘယ်ကဲ့သို့ ထွက်ပေါ်လာပါလိမ့်နည်းဟုသာ စဉ်းစား၍လာခဲ့လျက် မြို့တွင်းသို့ လှည့်ပတ်သွားလာပြီးနောက် ဤတိုက်ကြီးသို့ ပြန်ရောက်သည့်အခါ၌လည်း ထိုအကြောင်းကို စိတ်မှာ ဖျောက်ဖျက်၍ မရခြင်းကြောင့် ကျွန်ုပ်တော်သည် တိုက်ကြီးတစ်တိုက်လုံး အထက်အောက်မကျန် အသံဖြစ်ပွားရာ အကြောင်းကိုလိုက်လံရှာဖွေခြင်းပြုလေ၏။

သို့ပင် ရှာဖွေသော်လည်း သင်္ကာမကင်းဖွယ်ရာဟု ဆိုကအလျှင်း မတွေ့ရှိသောကြောင့် ယနေ့တစ်ည ဆက်လက်စောင့်ဆိုင်း နားထောင်ကြည့်ဦးမည်ဟု စိတ်ကိုပိုင်းဖြတ်ကာ ထိုနေ့တွင်သတင်းစာများကို တစ်ခုပြီးတစ်ခု လှန်လှောကြည့်ရှု၍နေခြင်းဖြင့် ထိုနေ့ကို ကုန်လွန်စေရလေ၏။

ညဘက်သို့ရောက်သောအခါ သတိဖြင့် အိပ်ရာသို့ဝင်လေ၏။

mgyee.com

mgyoe.com

ကျွန်တော်၏ နားများမှာကား တစွင့်စွင့်ရှိသောကြောင့် ကျွန်တော်၏ အသက်ရှုသောအသံကိုပင် ကျယ်လောင်စွာကြားရသလို ထင်မိပေ၏။ မိမိမြနှင့်တကွ မိမိမြ၏အစေခံအပြင် မခင်ယုံတို့၏အကြောင်းကို တစ်လှည့်စီအပြန်ပြန် အလှန်လှန် တွေးတောလျက် ကိုမင်းဟန် မြန်မြန်ပြန်ရောက်ပါစေဟုသာ အထပ်ထပ် အဖန်ဖန် ဆုတောင်းရလေ၏။

၉–နာရီမှ ၁၀ နာရီ၊ ၁၀ နာရီမှ ၁၁–နာရီသာ ထိုးခဲ့လျက် တိုက်ကြီးအတွင်းမှာကား လွန်စွာ ဆိတ်ငြိမ်လျက်ပင် ရှိပေ၏။

၁၁–နာရီခွဲသောအခါ ကျွန်တော့်မှာ လွန်စွာ အိပ်ချင်သလိုလိုဖြစ်၍ လာသောကြောင့် ဤမျှလောက် ကြာမြင့်စွာလည်း စောင့်ခဲ့ပြီ၊ ထူးခြားခြင်းကား မရှိ။ သို့ဖြစ်၍ ယမန်နေ့က ကြားရသော ချူသံလိုလို အသံမှာ စိတ်ချောက်ချား၍ ထင်မြင်ခြင်းမျှသာဖြစ်သည်ဟု အာရုံပြုလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်၍သွားလေ၏။

တစ်ရေးနိုး၍ နာရီကိုကြည့်လိုက်သောအခါ ၃–နာရီထိုးနေပြီကို တွေ့ရလျက် အိမ်ကြီးမှာလည်း ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်လျက်ရှိသဖြင့် ကျွန်တော်လည်း စိတ်ချလက်ချ ပြန်၍ အိပ်လိုက်ရာ နံနက် ၇–နာရီထိုးမှပင် နိုးတော့လေ၏။

တံခါးများဖွင့်လိုက်သည့်အခါ ယမန့်နေ့ကကဲ့သို့ပင် ကိုမင်းဟန်ကားမောင်းသမား လာရောက်စောင့်ဆိုင်းနေသည်နှင့် နှစ်ဦးသားမြို့ထဲသို့ ထွက်၍လာကြလေ၏။

ကျွန်တော့်အဖို့ ဤရန်ကုန်မြို့တွင် အရေးကြီးဆုံးသောကိစ္စမှာ မခင်ယုံဆိုသော မိန်းမပျိုကလေးအားရှာဖွေ၍ တွေ့ရှိက ၎င်းကို မြင်ရသည့်နေ့မှစ၍ ကျွန်တော့်တွင် မနေနိုင် မထိုင်နိုင်ဖြစ်ခဲ့ရပုံတို့ကို တစ်ခုမကျန် ပြန်လှန်ပြောပြဖို့ဖြစ်ရာ ကျွန်တော် ယခုကဲ့သို့ ရန်ကုန်မြို့အတွင်းသို့ ထွက်လာရာ၌ ကျွန်တော်၏မျက်စိနှစ်လုံးကို အစွမ်းကုန်အသုံးချရလေ၏။

သို့သော် ဤမျှလောက် ကျယ်ပြန့်သော ရန်ကုန်မြို့ကြီးအတွင်း၌ မခင်ယုံအား တွေ့ဖို့ရန်မှာ လွယ်ကူသောကိစ္စမဟုတ်သည်ကို သတိပြုမိလျက် တစ်နေ့နေ့တွင် မတွေ့တွေ့အောင် ရှာဖွေခြင်းပြုရတော့အံ့ဟုသာ စိတ်ကိုဖြေပြီးလျှင် ကျွန်တော့်နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့လေ၏။

အိမ်သို့ရောက်၍ ကားမောင်းသမားကို ပြန်လည်စေလွှတ်လိုက်လျှင်

ပင် ယခင်က မိမိမြထံမှ ကျွန်တော့်ဆီသို့ စေလွှတ်လိုက်သော အစေခံကြီး ရောက်၍လာသဖြင့် အကြောင်းမည်သို့နည်းဟု ဆီး၍ ကပျာကယာမေး သောအခါ ထိုသူက–

"မမဘုရားက ဒီမှာနေရထိုင်ရတာ ဘယ့်နှယ်နေသလဲလို့ အစုံစမ်းခိုင်း လို့ပါ"

ကျွန်တော့်မှာ မိမိမြ ဂရုစိုက်တတ်ပုံကို စိတ်ကချီးမွမ်းလျက်...

"ပြောလိုက်ပါဗျာ... ခင်ဗျား မမကို၊ အခုလိုစုံစမ်းတဲ့အတွက် ကျေး ဇူးတင်ပါတယ်လို့၊ ပြီးတော့ ကျွန်တော် ဒီတိုက်ကြီးမှာ နေရထိုင်ရတာလည်း အင်မတန်ကို စိတ်တိုင်းကျပါတယ်လို့ ဟုတ်လား၊ အဲဒါသာ ခင်ဗျား မမကို ပြောလိုက်ပါတော့"

"ကောင်းပါပြီ၊ ပြီးတော့ ဒီမှာလက်တိုလက်တောင်းခိုင်းဖို့ စေဖို့မရှိရင် မမဘုရားက သူ့ဆီက လူလွှတ်လိုက်ရမလားလို့ မေးဖို့လည်း မှာလိုက်ပါ သေးတယ်"

"အို–နေပါစေ ဒုက္ခမရှာပါနဲ့၊ ကျွန်တော့်လူလည်း ကနေ့နက်ဖြန်ဆို သလို စစ်ကိုင်းက ရောက်မယ့်ဆဲဆဲပဲ။ နေပါစေ၊ နေပါစေ၊ ဒီအတောအတွင်း တော့ ဒီလိုပဲကြည့်ပြီး စီမံရတာပေါ့။ မိမိမြကိုတော့ တစ်ဆိတ်ပြောလိုက်ပါ ဗျာ၊ အခုလို စုံစမ်းတဲ့အတွက် ကျွန်တော်က အင်မတန်ပဲ ကျေးဇူးတင်ပါ တယ်လို့"

အစေခံကြီး ပြန်သွားသောအခါ ကျွန်တော့်မှာ မိမိမြ၏လောကွတ် ကောင်းခြင်း၊ အိမ်ရှင်တို့၏တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်းတို့ကို ချီးမွမ်းအံ့ဩ၍ မကုန်နိုင်ဖြစ်လေ၏။ ထိုညက အိပ်ရာဝင်ချိန်သို့ ရောက်သည့် တိုင်အောင် ကျွန်တော်နှင့် ကောင်းစွာမသိသေးသော မိမိမြအကြောင်းကို ချည်း တွေးတောနေမိလေ၏။ တစ်ဖန် လပေါင်းများစွာကပင် ကျွန်တော်၏ အသည်းနှလုံးကို ဆွဲနုတ်ယူငင်သွားပြီဖြစ်သော မခင်ယုံ၏ဝါဝင်းလှပသော မျက်နှာကလေးကို မြင်ယောင်မိပြန်ကာ မိမိမြနှင့် မခင်ယုံ ဤအချောဂုဏ် အသွင်လှသည့် ဘုရင်မနှစ်ဆူကို ကျွန်တော့်စိတ်၌ နှိုင်းယှဉ်၍ ကြည့်လိုက် လေ၏။

ဤသို့ စိတ်ကူးထုတ်ရင်း ကျွန်တော်လည်း အိပ်ပျော်ခြင်းသို့ ရောက်

mgyoe.com

mgyoe.com

သွားရာ တိုင်ကပ်နာရီကြီးမှ ၁၂–နာရီ ဒင်–ဒင်–ဒင် ဟု ထိုးလိုက်သောအခါ လွန်ခဲ့သော ညတစ်ညက ကြားရသော ချူသံများကို ထပ်မံကြားရပြန်သည် ဟု ကျွန်တော့်စိတ်တွင် ထင်လျက် အလွန်အံ့သြပြီး မီးဖွင့်ကာ အိပ်ခန်းတွင်းမှ ခြောက်လုံးပြူးကို အသင့်ပြင်ရင်း အပြင်ခန်းသို့ ထွက်ခဲ့လေ၏။

ချူသံများမှာ ပထမညကကဲ့သို့ပင် ထိုမှ ဤမှကြားနေရလျက် ကျွန်တော် သွားလေရာသို့ပြောင်းလော့င်ပြီး လိုက်နေသကဲ့သို့ ကြားရခြင်းကြောင့် ကျွန်တော့်မှ ရှေ့သို့မတိုးနိုင်ဘဲ ရှိလေ၏။ တစ်ဖန် အံကိုကြိတ်၍ အားကို တင်းကာ ရှေ့သို့သွားပြန်ရာ ချူသံများလည်း ရှေ့သို့တိုး၍ လိုက်လာလေ၏။

ထို့ထက် ထူးခြားသည်ကား ဤတိုက်ကြီး၌ ကျွန်တော်ရောက်ချိန် ကစ၍ မည်သည့်အခါကမျှ မကြုံဖူးသော အနံ့တစ်မျိုးကို ရရှိရှူရှိုက်နေရ ခြင်းဖြစ်လေ၏။ ထိုအနံ့မှာ လူသေမှထွက်လာသော အပုပ်နံ့မျိုးဖြစ်လေ၏။

ဤတွင်မှ ကျွန်တော့်မှာ ခေါင်းနားပန်းကြီးလာလျက်...

ဤအိမ် ဤတိုက်ကြီး၌ ‹ ကာင်းဆိုးဝါးတစ္ဆေများပင် မှီ၍နေသလော ဟု တွေးမိပြီးလျှင် ရှေးကထက် ကြောက်အားပို၍ လာလေ၏။ ရှေ့သို့တိုး ၍ အကြောင်းရှာဖွေမည်ဟု ခဲထားသမျှသော ရဲစိတ်ရဲမာန်တို့မှာ ထိုအနံ့ကြီး ကို ရှူရှိုက်ရခြင်း၊ ထိုချူသံများကို ဆက်ကာဆက်ကာ ကျယ်လောင်စွာ ကြားနေရခြင်းတို့ကြောင့် လျှော့ကျပျောက်ကွယ်ပြီး ခြေးတို့သာ ရွှဲရွှဲစိုအောင် ပြန်၍လာသည့်အတွက် ကျွန်တော်၏ အိပ်ခန်းတွင်းသို့ ပြေး၍ဝင်လာကာ တံခါးကိုလုံခြုံစွာပိတ်ဆို့ထားလိုက်ရလေ၏။

အခန်းတွင်း၌ ကျွန်တော်မှာ လုံခြုံစွာ ရောက်ရှိနေပြီဖြစ်၍ ကြောက် စိတ်များ အတန်ငယ်ပြေသလိုလို ရှိသော်လည်း ချူသံများမှာမူကား ဆက်လက်၍ ဆူညံမြဲ ဆူညံ၍နေလေ၏။ ထိုအသံတို့ကို ဤဆိတ်ငြိမ်သော နေရာ ကျွန်တော်တစ်ဦးတည်းနေသော ဤတိုက်အိမ်ကြီးအတွင်း ဤကဲ့သို့ ညကြီးမင်းကြီးကြားရရုံဖြင့်ပင် ကျွန်တော့်မှာ ကြောက်လန့်လှပြီဖြစ်ပေ၏။ လူသေ၍ ထွက်သော အပုပ်နံ့ကြီးကို ရှူရှိုက်ရသည့်အခါတွင်ကား ကျွန်တော့် မှာ ယခုပင် သေရတော့မလောက် ကြောက်လန့်ခြင်း ပြင်းပြလျက် ခြောက်လုံး ပြူးကို ကိုင်ထားသည့် လက်မှာလည်း ဘာဆတ်ဆတ်တုန်၍ နေလေ၏။

အခန်းတွင်းသို့ရောက်သည့်အခါ မရဲတရဲနှင့် အသက်ကိုရှူရှိုက်၍

mgyoe.com

mgyd

ကြည့်ရာ လူသေအနံ့ကြီးကိုမူကား မရတော့ဘဲရှိသဖြင့် စိတ်သက်သာရာရ၍သွားလေ၏။

ထိုည၌ မိုးမြန်မြန် လင်းပါစေဟုလည်း အကြိမ်ကြိမ် ဆုတောင်းမိလေ၏။ ကျွန်တော်၏ မျက်စိများမှာ လေးလံထိုင်းမှိုင်း၍ အိပ်ချင်လာသော်လည်း စိတ်မချသဖြင့် ထိုညအဖို့ မအိပ်ရဘဲ မိုးလင်းခါနီး၍ ချူသံများကို မကြားရတော့မှာသာ မနေနိုင်၍ မသိမသာ အိပ်ပျော်သွားလေ၏။

အိပ်ရာမှနိုး၍ ရေချိုးပြီးသည့်အခါ ကိုမင်းဟန်၏ ကားမောင်းသမားရောက်၍လာရာ ၎င်းကိုခေါ်ငင်ပြီးလျှင် ညက အဖြစ်အပျက်တို့ကို ပြောပြလေ၏။ သို့ပြောပြရာတွင် ကျွန်တော့်မှာ ကြက်သီးတဖြန်းဖြန်း ထမိလေ၏။

ထိုသူကမူ ကျွန်တော့်ကိုပင် မယုံသောမျက်နှာထား.ဖြင့်...

"ဟုတ်ပါ့မလား ဆရာရယ်၊ ဆရာစိတ်ထင်နေလို့လားမှ မသိဘဲ"

"အိုဗျာ– ကျုပ်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားရတာပဲ။ ပြီးတော့ ဟိုအနံ့ကြီးကလည်း သိပ်ပြီး ကြောက်စရာကောင်းတာပဲဗျ၊ ကျုပ်ကိုယ်ကို ကျုပ် ရဲလှပြီလို့ ထားခဲ့တယ်၊ ခုတော့ မရဘူးဗျို့"

"ကျွန်တော်တော့ ဆရာပြောလို့သာ ကြားရတာပဲ၊ တယ်ပြီး ဟုတ်မယ်ကို မထင်ဘူး။ သရဲခြောက်လှတယ်ဆိုတဲ့နေရာမျိုးကို ကျွန်တော်နေ့အိပ်ညအိပ် သွားလှပြီ၊ တစ်ခါဆိုတစ်ခါမှ အခြောက်မခံရဘူးဘူး"

"အေးလေ ကျုပ်လည်း ဒီမရောက်ခင်တုန်းကတော့ သတ္တိခဲပေါ့၊ အခုမှသာ ခုလိုဖြစ်ရတာပဲ။ခင်ဗျားမယုံရင် ညကိုလာကြည့်စမ်းပါလား"

"ကြည့်စမ်းချင်တယ်ဆရာ၊ ဒါဖြင့် ညကို ကျွန်တော်လာခဲ့မယ်။ ဒီတော့ ဟုတ်မဟုတ် သိရောပေါ့"

ကျွန်တော့်မှာ စောစောက ယနေ့ညအဖို့ ကျွန်တော်တစ်ယောက်တည်း အိပ်၍ ဖြစ်မှဖြစ်ပါမည်လားဟု စဉ်းစားနေရာ မှ ယခု ကိုမင်းဟန်၏ ကားမောင်းသမားက ကျွန်တော်နှင့်အတူ လာ၍ အိပ်မည်ဟု ကတိပေးသည့်အခါ အဖော်တစ်ယောက်ရမည်ဖြစ်ခြင်းကြောင့် များစွာ ဝမ်းသာမိလေ၏။

ကျွန်တော်တို့နှစ်ယောက် ကားဖြင့်ထွက်မည်ပြုစဉ် ကြေးနန်းတစ်စောင် ရောက်၍လာသဖြင့် ဖွင့်၍ဖတ်ကြည့်ရာ စစ်ကိုင်းမြို့မှ ကိုရေမွှေးသည် ယနေ့နံနက်ပင် ရန်ကုန်သို့ ဆိုက်ရောက်မည်ဖြစ်၍ ဘူတာသို့ဆင်းပြီး ကြို

mgyde.com

mgyoe.com
စေလိုကြောင်းဖြင့် ကျွန်တော့် ဦးကြီးထံမှ ပေးပို့လိုက်သော ကြေးနန်းဖြစ်သည်ကို သိရ၍ ဘူတာရုံသို့ပင် ထွက်လာခဲ့ကြလေ၏။

ထိုနေ့က နေ့အဖို့၌ များစွာမထူးခြားလှဘဲ ညဘက်တွင် ယခင့်ယခင်ညများက ကျွန်တော်တစ်ဦးတည်းသာ နေခဲ့ရသော တိုက်ကြီးအတွင်း၌ ကျွန်တော်အပြင် ကျွန်တော့်အစေခံ ကိုရေမွှေးနှင့် ကိုမင်းဟာန်ထံမှ ကားမောင်းသမားတို့လည်း ရောက်ရှိ၍နေသဖြင့် ကျွန်တော့်မှာ ကြောက်စိတ်များ ပြေသလိုလို ရှိပေ၏။

အိပ်ရာဝင်ချိန်သို့ရောက်သောအခါ ကျွန်တော်တို့သုံးယောက်သည် တစ်ခန်းစီခွဲခြား၍ အိပ်မနေတော့ဘဲ ကျွန်တော်အိပ်နေကျ အခန်းတွင်းသို့ပင် ဝင်ရောက်၍ အိပ်ကြလေ၏။

တိုက်အိမ်ကြီးမှာကား လွန်စွာတိတ်ဆိတ် ငြိမ်သက်လျက် ရှိလေ၏။

ည ၁၂ နာရီ ဒင်–ဒင်–ဒင် ဟု ထိုးသောအခါ ယမန်ညများက ကြားရသော ချူသံများကို စတင်၍ ကြားရလေ၏။

ဤတွင်မှ ကျွန်တော်တို့ သုံးဦးသားလည်း လဲလျောင်းနေရာမှ တညီတညာတည်းထကြပြီးလျှင် နားကိုစွင့်၍ ထောင်ရာ ချူသံများမှာ ယခင်ညများကထက်ပင် ဆူညံသလိုလို ထင်ရလျက် ယခု အပေါ်ဆီမှ ကြားနေရလျှင်ယခုပင် ဘေးဘီက ကြားရလေ၏။

ကျွန်တော်တို့လည်း တစ်ဦးကိုတစ်ဦး လက်တို့ကာ အိပ်ခန်းတံခါးကို ဖွင့်၍ အပြင်သို့ထွက်လာရာ ညှီစို့စို့အနံ့ကြီးတစ်ခုသည် ကျွန်တော်တို့၏ နှာဝနှင့်လာ၍ ထိတွေ့နှုတ်ဆက်ကြလေ၏။

အခန်းအပြင်သို့ထွက်ရန် ပြင်ဆင်စဉ်က မကြောက်တတ်သော ကိုမင်းဟာန်၏ ကားမောင်းသမားမှာ ရှေ့ဆုံးကဖြစ်သော်လည်း ထိုညှီစို့စို့အနံ့ကြီးကိုရသောအခါတွင်မူ ၎င်းသည် နောက်သို့ဆုတ်၍ နေသဖြင့် ကျွန်တော့်မှာ ၎င်းနှင့် ကိုရေမွှေးအား နောက်ကထားပြီးလျှင် ရှေ့သို့တိုး၍တိုး၍ သွားရလေ၏။

ချူသံများသည်ကား ကျွန်တော်တို့နောက်မှလိုက်လျက် ပြောင်လှောင်၍ နေကြလေ၏။

စာဖတ်ခန်းအတွင်းသို့ရောက်ကြသောအခါ ထိုညှီစို့စို့အနံ့ကြီးမှာ
mgyoe.com

mgyoe.com


သာ၍ပင် ညှို့စို့၍လာပြီးလျှင် မည်းမှောင်၍နေသော အခန်းအလယ်တွင် ပြာလဲ့လဲ့အရောင်ကလေးတစ်ခု ဖြတ်သန်းဝင်တောက်၍နေသည်ကို တွေ့မြင်ရသောကြောင့် ကျွန်တော်တို့လည်း ထိုထူးဆန်းသောအခြင်းအရာကို ကြောက်လန့်ကာ နောက်သို့ဆုတ်ခဲ့လေ၏။

အခန်းတစ်ခုလုံး မှောင်နှင့်မည်းမည်းဖြစ်နေသည့်အကြား၌ ထိုအပြာရောင်ကလေး ယှက်သန်း၍နေပုံမှာ လွန်စွာ ထူးဆန်းလှသည်ဖြစ်သောကြောင့် ကျွန်တော်တို့မှာ အကြောင်းကို နားမလည်၍ အခန်းပြင်သို့ ထွက်ခဲ့ကြရသည့်တိုင်အောင် ထိုအရာကိုမူကား မကြည့်ဘဲ မနေနိုင်ဖြစ်ကြရလေ၏။

သို့အတွက် ခပ်လှမ်းလှမ်းကြည့်နေရာ ရှေးဦးပထမ၌ မည်သည့်အရာမှ မသဲကွဲဘဲ အပြာသက်သက်ကိုသာ မြင်တွေ့နေရပြီးနောက် ကြည့်ရင်းကြည့်ရင်းပင် ထိုအပြာထဲမှ အလွန်ကြောက်မက်ဖွယ်ရာကောင်းသောလူသေမျက်နှာကြီးကို ထင်ရှားစွာ တွေ့မြင်ရသောအခါ နဂိုက လူသေအနံ့ကိုရ၍ ထားသည့် အခြင်းအရာနှင့် ဆက်စပ်တွေးတောမိလျက် တစ်ဦးကိုတစ်ဦး လက်တို့ရခြင်းမျှမပြုဘဲ ကျွန်တော့်အခန်းဆီသို့လှည့်၍ ပြေးဝင်ခဲ့ကြလေ၏။

ချူသံများသည်းကား ကျွန်တော်တို့နောက်သို့ ပြေးလိုက်၍ တီးမြည်လေ၏။

အခန်းတံခါးကို ဆွဲပိတ်၍ သုံးယောက်သား တစ်ဦးကိုတစ်ဦးတင်းကျပ်စွာ ဖက်တွယ်ထားသဖြင့် စိတ်သက်သာရာ ရသလိုလိုရှိသော်လည်း ထိုကြောက်မက်ဖွယ်ရာ အပြာရောင်အတွင်းမှ ထိုးထွင်းထွက်ပေါ်နေသည့် မျက်နှာကြီးကိုသာ မြင်ယောင်လျက် မကြာခဏ ကြက်သီးတဖျန်းဖျန်းထမိလေ၏။

တစ်ဖန် ကျွန်တော်တို့မှာ တစ်ဦးတစ်ယောက်တည်းမဟုတ်၊ ယောကျာ်းကြီးကြီးမားမား သုံးယောက်ပင်ဖြစ်လျက် ဤထူးဆန်းသော အခြင်းအရာကိုကြောက်လန့်တုန်လှုပ်နေကြလျှင် ရာဇဝင်ရိုင်းတော့မည်။ အခြားသူနှစ်ဦးမှာကား အရေးမကြီး၊ ကျွန်တော့်မှာ ရဲစွမ်းသတ္တိနှင့် ပြည့်ဝသူဟု အများ၏ အသိအမှတ်ကို ယခင်ကပင် ခံယူရရှိပြီးမှ ယခုကဲ့သို့ ကြောက်ဒူးတုန်၍ မဖြစ်ဟု စိတ်ကိုတင်းပြန်ကာ အခြားသူနှစ်ဦးကို အားပေးစကားပြောကြားလျက် ကျွန်တော်က ရှေ့ဆုံးမှနေ၍ ထွက်ခဲ့ကြပြန်လေ၏။

mgyoe.com

mgyoe.com


ချုံသံများသည် ကျွန်တော်တို့အားတို့၏ ခြောက်လှန့်သည့်အလား ကျယ်လောင်သည်ထက် ကျယ်လောင်စွာ မြည်လေ၏။

ညှီစို့စို့အနံ့ကြီးသည် ကျွန်တော်တို့ နှာဝမှတို့၏ အတွင်းသို့ဝင်သဖြင့် လက်ကိုင်ပဝါများဖြင့် နှာခေါင်းကို ပိတ်ထားရလေ၏။

ကျွန်တော်တို့သုံးယောက် ယခင်မျက်နှာကြီးကို တွေ့မြင်ရသည့် တစ်ဖက်ခန်းအနီးသို့ရောက်သောအခါ နောက်ဆီမှ အလွန်ခြောက်ကပ်၍ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့် တစ်စုံတစ်ခုကို ပြောသံကြားရသဖြင့် ကိုမင်းဟန်၏ကားမောင်းသမားနှင့် ကိုရေမွှေးတို့မှာ ဘေးသို့ ကြောက်အားလန့်အားနှင့် ခုန်လိုက်ကြလေ၏။

ကျွန်တော်လည်း ကြောက်အားလန့်အားနှင့် ထိုအသံကြီးဖြစ်ပွားရာသို့ ခြောက်လုံးပြူးနှင့် လှမ်းပစ်လိုက်ရာ ညည်းညူသောအသံလိုလို ကြားလိုက်ရပြီးနောက် ချုံသံများလည်း ရပ်၍ သွားသဖြင့် ကေန္တ သရဲကားမဟုတ်တန်ရာ၊ လူပင်ဖြစ်မည်ဟု တွေးတောကာ ကြောက်စိတ်ကိုအပထား၍ သိလိုသော စိတ်၏ပြင်းထန်သော လှုံ့ဆော်ချက်ဖြင့် မီးကို ဖွင့်လိုက်လေ၏။

ထိုအခါ ကျွန်တော့် ခြောက်လုံးပြူးဖြင့် ပစ်ခတ်လိုက်သော နေရာနံရံတွင် အပေါက်ကလေးဖြစ်လျက် ထိုအပေါက်မှ သွေးတပေါက်ပေါက်ယိုစီးပြီးလျှင် ဖြူဆွတ်သောနံရံပေါ်သို့ သွေးလိမ်းလိမ်းကျဆင်းနေသည်ကို တွေ့ရလေ၏။ လူရိပ်လူခြေဟူ၍ကား အလျှင်းမမြင်၊ မကြားရသောကြောင့် ကျွန်တော် မှန်းထင်သည်နှင့် ကွာခြားခြင်းမလှ ကွာခြားလှသဖြင့် ကျွန်တော့်မှာ တစ္ဆေကိုပင် ခြောက်လုံးပြူးဖြင့် ပစ်မိလေသလောဟု တွေးတောကာ ကြက်သီးထမိလေ၏။

မီးရောင်တွင် ကိုမင်းဟန်၏ကားမောင်းသမားနှင့် ကိုရေမွှေးတို့မှာ မျက်နှာ၌ သွေးမရှိသကဲ့သို့ဖြစ်လျက် တစ်ဦးကိုတစ်ဦး မခွဲစတမ်းဟု သစ္စာဆိုထားသည့်အလား တင်းကျပ်စွာဖက်ထားသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်ကာ အသံများထွက်အောင်ပင် ရယ်မောမိလေ၏။

ဤတွင်မှ ၎င်းတို့နှစ်ဦးလည်း လူချင်းခွဲလျက် ကျွန်တော့်အနားသို့ ကပ်လာပြီးလျှင် သွေးပေါက်များ တစ်စက်တစ်စက် ကျဆင်းနေသည်ကို ကြည့်ရင်း ကိုမင်းဟန်၏ကားမောင်းသမားက...

mgyoe.com

"မကြုံဘူးပေါင်ဆရာ၊ ဘာသဘောမှန်းလဲ မပြောတတ်ဘူး၊ ကျွန်တော် တော့ မိုးလင်းပါစေလို့သာ ဆုတောင်းနေတာပဲ"

စင်စစ်အားဖြင့် ၎င်းသည်သာ မိုးလင်းရန် ဆုတောင်းနေသည်မဟုတ်၊ ကျွန်တော်လည်း ထိုနည်းပင် စိတ်ထဲကကြိတ်လျက် ဆုတောင်းမိလေ၏။ ကျွန်တော်ကဲ့သို့သောသူတွင် ဤကဲ့သို့ဖြစ်နေလျှင် စစ်ကိုင်းမှာနေစဉ်က မှောင်ထဲမှနေ၍ ရေခဲကို ဇက်ပေါ်တွင် ရုတ်တရက်တင်လိုက်ရုံဖြင့် လန့်ပြီး ၁၅–ရက်ခန့် ကုယူရသော ကိုရေမွှေးအတွက်သော်လည်း ပြောဖွယ်ရာမရှိ ဖြစ်နေပေ၏။

ကျွန်တော့်မှာ ထိုသူတို့ရှေ့တွင် ကြောက်ဒူးတုန်နေခြင်းငှာ မသင့်သဖြင့် "ကျုပ်နားမလည်နိုင်ဘူးဗျာ... ဘာဖြစ်လို့ ဒီလိုနံရံထဲက သွေးတစိမ့်စိမ့်ယိုကျနေတယ်လို့။ လူတစ်ယောက်ကို ထိပြီထင်တာပဲ၊ ထိရင် ဒီလူဘယ်ရောက်သွားမလဲ၊ ဒီနံရံတစ်ဖက်မှာလည်း ဘာဆိုဘာမှမရှိဘူး။ နေဦးဗျို့ စာဖတ်ခန်းထဲက လူသေမျက်နှာကြီးရှိသေးသလား သွားကြည့်ရအောင်" ဟု စိတ်ပါလက်ပါ ပြောပြောဆိုဆို စာဖတ်ခန်းဘက်သို့ လှည့်လိုက်သောအခါ ကိုရေမွှေးတို့မှာလည်း မနေသာ၍ လိုက်ပါလာရလေ၏။

စာဖတ်ခန်းအတွင်းတွင်ကား မှောင်မြဲမှောင်လျက် ခပ်စောစောက မြင်ရသည့် ထူးဆန်းသော ပြာလဲ့လဲ့အရောင်ကလေးမှာလည်း မရှိတော့ဘဲ ဖြစ်နေသည်ကို တွေ့ရသည်ဖြစ်သောကြောင့် သေနတ်ဖြင့် ပစ်၍ ထိမှန်သွားသူနှင့် ချူသံများမြည်ခြင်း၊ အပြာရောင်အတွင်းမှ လူသေမျက်နှာကြီးပေါ်ခြင်းတို့သည် ဇကန္တတစ်ဆက်တည်းဖြစ်တန်ရာသည်ဟု တွေးတောမိလေ၏။

ထိုညက မိုးလင်းခဲ့သည်ဟု ထင်မှတ်ရလေ၏။

နာရီကိုကြည့်သောအခါ ၃–နာရီမျှသာ ရှိသေးလေ၏။ ကျွန်တော်လည်း ပြန်၍ မအိပ်လိုတော့သောကြောင့်...

"ကဲ... ကိုရေမွှေး လက်ဖက်ရည်ဖျော်ဗျာ၊ မိုးလည်း လင်းလုပါပြီ"

ကိုရေမွှေးမှာ မီးဖိုသို့သွားရောက်ရန်ပင် ကြောက်လန့်နေသည့်အတွက် ကျွန်တော်က ပြုံးရယ်လျက်–

"သြော်... ကိုရေမွှေး ခင်ဗျားလည်း အတော့်ကို ခက်သေးတာပဲ၊

mgyoe.com

mgyoe.com

မလာတော့ပါဘူးဗျ၊ ခင်ဗျားလူကြီး ကျုပ်ပစ်လိုက်တာ မမြင်ဘူးလား၊ သွေးတွေသံတွေနဲ့၊ မကြောက်ပါနဲ့တော့ဗျာ မလာတော့ပါဘူး"

ကိုမင်းဟန်၏ကားမောင်းသမားမှာ ယမန့်နေ့ညက ၎င်းသည် ကြောက်ရွံ့သူမဟုတ်ကြောင်း ကျွန်တော့်အားဝါးကာ ပြောဆိုထားသူဖြစ်၍ ယခုကျွန်တော်က ၎င်းအား ပြောမည့်အရေးကို မြင်ယောင်သည့်အလား "ဟုတ်သားပဲဗျာ၊ ကိုရေမွှေးရာ၊ သေနတ်နဲ့ဆော်လိုက်လို့မှ ဒင်းလာရဲရင် နောက်ထပ်ဆော်လိုက်ရုံပဲ ရှိတာပေါ့ဗျ။ လာပါ ခင်ဗျားကြောက်ရင် ကျုပ်အဖော်လိုက်ခဲ့ပါမယ်" ဟု ကိုရေမွှေးအား ပြောပြောဆိုဆိုဆွဲ၍ ခေါ်ငင်သွားသောကြောင့် ကိုရေမွှေးမှာ သက်သာရာရသွားသည့်အလား ငြိမ်သက်စွာလိုက်ပါသွားလေ၏။

ကျွန်တော်လည်း ဆိုဖာကုလားထိုင်ကြီးတစ်ခုပေါ်တွင် ထိုင်ရင်း ကျွန်တော့်မျက်စိဖြင့် တပ်အပ်မြင်ရပုံ၊ နားဖြင့်ဆတ်ဆတ်ကြားရပုံတို့ကို ပြန်လှန်စဉ်းစား၍ နေလေ၏။

စာဖတ်ခန်းသို့ ပထမတစ်ခေါက်လာရောက်၍ ကြည့်စဉ်က တစ်ခန်းလုံး မှောင်နှင့်မည်းမည်းရှိစဉ် အပြာရောင်ခြည်ကလေး ထူးခြားစွာ ကွန့်မြူးနေပုံ၊ ထိုရောင်ခြည်ထဲမှ လူသေတစ်ဦး၏ ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာကြီးထွက်ပေါ်၍ ကျွန်တော်တို့အား မျက်တွင်းဟောက်ကြီးဖြင့် ကြည့်နေပုံ၊ ထိုမျက်နှာကြီးဆီသို့ တစ်ခေါက်ထပ်မံသွားသည့်အခါ ကျွန်တော်တို့နောက်မှကပ်၍ အသံခြောက်ကြီးဖြင့် ပြောသံကြားရပုံ၊ ထိုအသံကြီးကြားရာသို့ သေနတ်ဖြင့် ပစ်လိုက်သော အခါ ခုနစ်ပေခန့်အကွာ နံရံတွင် သွား၍ ထိမှန်ပြီးလျှင် ထိုအပေါက်မှ သွေးတစ်စက်စက်ကျဆင်းပုံ၊ ထိုသို့ သေနတ်ဖြင့် ပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ညည်းသံလိုလိုကြားရခြင်း၊ ချူသံများ ရုတ်တရက်ရပ်စဲသွားခြင်း၊ စိမ်းရွှေရွှေ ညှီစို့စို့အနံ့ကြီးလည်း ချက်ချင်း ပင်ပျောက်သွားခြင်းတို့၏ အကြောင်းရင်းတို့ကို အထပ်ထပ် အဖန်ဖန် စဉ်းစားသော်လည်း အချည်းနှီးသာဖြစ်လျက် ဘဲဥအစရှာမတွေ့သကဲ့သို့သာ ရှိနေလေ၏။

တစ်ဖန် ကျွန်တော်တို့နောက်နားမှကပ်၍ ကြောက်မက်ဖွယ် အသံကြီးဖြင့် ပြောကြားရာ၌ ထိုစကားတို့မှာ မည်သည့်စကားများပေနည်းဟု

ပြန်၍ စဉ်းစားသောအခါ ကျွန်တော်တို့အဖို့မှာမူ "သွား... သေ... သွား... သေ..." ဟူ၍ မကွဲမပြားကြားလိုက်ရခြင်းကိုသာ မှတ်မိလေ၏။

ကိုရေမွှေး လက်ဖက်ရည်ယူလာသည်တွင် ထိုစကားတို့ကို မေးကြည့်ရာ ကိုရေမွှေးသည်လည်းကောင်း၊ ကိုမင်းဟန်၏ကားမောင်းသမားသည်လည်းကောင်း ကျွန်တော်ကဲ့သို့ပင် "သွား... သေသွား... သေ..." ဟု ပြောသံကိုသာ ကြားလိုက်ရကြောင်း၊ ကျန်စကားတို့မှာမူ မကွဲပြားသဖြင့်လည်းကောင်း၊ ကြောက်အားလန့်အားနှင့် ကြားရခြင်းကြောင့်လည်းကောင်း၊ ကောင်းစွာမမှတ်မိဟု အသီးသီးပြောဆိုလေ၏။

ကျွန်တော်တို့သုံးယောက်လည်း လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောဆိုကာ နံနက်မိုးလင်းဖို့ကိုသာ စောင့်ဆိုင်း၍ နေကြလေ၏။

*

mgyoe.com

mgyoe.com

# ( ၃ )

မိုးလင်းလျှင် လင်းချင်းပင် ကျွန်တော်တို့ ရေမိုးချိုးကာ အဝတ်အစား များဂဲလှယ်ပြီးနောက် တိုက်ကြီးထဲမှထွက်၍လာခဲ့ကြလေ၏။ ကိုမင်းဟန်၏ ကားမောင်းသမားမှာ ကားကိုညက ကိုမင်းဟန်၏အိမ်အနီးရှိ မော်တော်ကားရုံတွင် ထားခဲ့သည့်ဖြစ်သောကြောင့် မော်တော်ကားရုံရှိရာသို့ ဘတ်စ်ကားစီးနင်းကာ လိုက်ပါသွားကြလေ၏။ ကျွန်တော်၏မျက်နှာတွင်ကား မည်သို့မသိ၊ ကိုမင်းဟန်၏ကားမောင်းသမားနှင့် ကိုရေမွှေးတို့၏မျက်နှာတွင်မူ ညှိုးနွမ်း၍ ဖြူဖပ်ဖြူရော်ဖြစ်နေလေ၏။

မော်တော်ကားရုံအနီးသို့ရောက်သောအခါ ကျွန်တော်လည်း ကိုမင်းဟန် ပြန်၍ ရောက်မရောက်ကို သိလိုသောကြောင့် ကိုမင်းဟန်၏တိုက်သို့ သွားရောက် တံခါးကိုခေါက်ရာ ကိုမင်းဟန်မှာ စောစောစီးစီးထ၍ သတင်းစာဖတ်နေသည်ကို တွေ့ရှိရသောကြောင့် ကျွန်တော့်မှာ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပေ၏။

ကိုမင်းဟန်မှာလည်း ကျွန်တော့်နည်းတူ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ "ဟော့ ကိုမြင့်မောင် လာ–လာ၊ ကျုပ်က နေ့လယ်နေ့ခင်းမှ ခင်ဗျားဆီလာမလို့၊ ညကပဲ ပြန်ရောက်တယ်။ ဘယ့်နှယ် ခင်ဗျားမျက်နှာတွေ တယ်ကျသွားပါကလား..."

"မျက်နှာကျသွားတာပဲ ကံကောင်းတယ်လို့ မှတ်ရတော့မလို ဖြစ်နေတာပဲ၊ နို့မို့ရင် အသက်ပါ ပျောက်သွားဖို့တောင် ရှိတာပဲ..."

mgyoe.com

"နေစမ်းပါဦး၊ ဘာများဖြစ်လာလို့လဲ..."

"ဟာ... ပြော မပြောချင်တော့ပါဘူးဗျာ" ဟု ကျွန်တော်က ညည်းညူလိုက်သောကြောင့် ကိုမင်းဟန်မှာ လွန်စွာအံ့ဩပြီးလျှင် ကျွန်တော်၏အနားသို့ကပ်လာကာ ကျွန်တော့်မျက်နှာကို သေချာစွာ ကြည့်ရှုလေ၏။ အတန်ကြာမှ...

"ဟော့–ကိုမြင့်မောင်၊ ခင်ဗျားမှာ အင်မတန်ကို ကြီးကျယ်တဲ့ ပြောင်းလဲခြင်းတစ်ခုတော့ ဖြစ်ပြီ...၊ အဲဒါစောစောစီးစီးက ကျုပ်ကို ပြော..."

ထိုအခိုက်တွင် ကိုမင်းဟန်၏အိမ်သားများမှာလည်း အသီးသီးအိမ်သန့်ရှင်းအောင် အမှိုက်သရိုက်တို့ကို သုတ်သင်နေကြပြီဖြစ်သဖြင့် ကျွန်တော်လည်း ကိုမင်းဟန်အား အဝတ်အစားလဲလှယ်၍ ကျွန်တော်နှင့်အတူ လိုက်ခဲ့ရန် ခေါ်ငင်လေ၏။

ခဏမျှကြာသောအခါ ကိုမင်းဟန်၏မော်တော်ကားသည် မြေနီကုန်းလမ်းမကြီးမှ ဘောင်ဒရီလမ်းဘက်သို့ ကွေ့၍ မောင်းနှင်လျက် ရှိလေ၏။

ကားပေါ်တွင် ကိုရေမွှေးနှင့် ကားမောင်းသမားမှာ ရှေ့က ငြိမ်သက်စွာလိုက်လျက် ကျွန်တော်နှင့် ကိုမင်းဟန်မှာ နောက်တန်းက ထိုင်ပြီး လိုက်ပါခဲ့ရာ ကိုမင်းဟန်မှာ ကျွန်တော့်အား နားမလည်သကဲ့သို့ မကြာမကြာ လှည့်၍ကြည့်ပြီးလျှင် တစ်ခါတစ်ရံလည်း ကျွန်တော်တို့သွားမည့်အရပ်ကို သိလိုသည့်အလား အပြင်သို့လှမ်း၍ ကြည့်လေ၏။

မော်တော်ကားသည် ဘောင်ဒရီလမ်းမှတစ်ဖန် ဂိုးလ်ဒင်းဗယ်လီခေါ် ရွှေတောင်ကြားတွင်းသို့ကွေ့၍ ဝင်ပြီးလျှင် အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ပြီးနောက် ဆာဂျေအေမောင်ကြီး၏ အိမ်အနီးသို့ရောက်သည့်အခါ ကိုမင်းဟန်သည် ကျွန်တော့်အား သာ၍နားမလည်သောအမူအရာဖြင့် "ဟော့ ကိုမြင့်မောင်၊ ဘယ်သွားမလို့လဲ..."

"အိုဗျာ ဟိုကျသိရမှာပေါ့" ဟု ကျွန်တော်က တိုတောင်းစွာ ပြောလိုက်သဖြင့် ကိုမင်းဟန်လည်း ကျွန်တော်၏ထူးခြားခြင်းကို တိုး၍အံ့ဩရင်း အငေါက်အငမ်းခံရသော ကလေးပမာငြိမ်သက်စွာ လိုက်ပါလာခဲ့လေ၏။

မော်တော်ကားသည် ကျွန်တော်နေထိုင်သည့် တိုက်အိမ်ကြီး၏ ခြံကြီးတွင်းသို့ ဝင်ရောက်ခဲ့လေ၏။

mgype.com

mgyoe.com

ဤတွင် ကိုမင်းဟန်မှာ လွန်စွာထိတ်လန့်လျက် "ဟော့ ကိုမြင့်မောင် ဒီမှာ ခင်ဗျာဘာလုပ်မလို့လဲ၊ ဒီကိုမသွားနဲ့ဗျ၊ ဒီနေရာအကြောင်းကို ခင်ဗျား မသိဘူး..."

ကျွန်တော်လည်း စကားပြောလိုဟန်မရှိသေးသော အမူအရာဖြင့် ၎င်း ပြောစကားကို မကြားသလိုလုပ်ကာ မော်တော်ကားကို ထိုး၍ရပ်လိုက်မှသာ ကားပေါ်မှာဆင်းလျက် တိုက်တံခါးကြီးကို ဆွဲ၍ဖွင့်လေ၏။

ကိုမင်းဟန်မှာအတွင်းသို့ မဝင်ရဲသည့်အနေဖြင့် နောက်သို့ဆုတ်ကန် ဆုတ်ကန်လုပ်နေရာ ကျွန်တော်က ပြုံးရယ်လျက် "လာသာလာပါဗျာ မကြောက်ပါနဲ့၊ ဘာများကြောက်စရာရှိလို့လဲ..."

"ကိုမြင့်မောင် ခင်ဗျား ဒီကိုဘယ့်နှယ်ရောက်တာလဲ...၊ ခင်ဗျား ဒီမှာ နေသလား"

"အေးလေဗျာ၊ ဒီမှာ နေလို့သာ ကျုပ်အိမ်ကို ခင်ဗျားကို ခေါ်လာတာ ပေါ့၊ လာပါဗျ အထဲကိုဝင်ပါ"

"နေပါဦးဗျ၊ ခင်ဗျားကို ချာချီလမ်းက တိုက်မှာနေဖို့ ညွှန်လိုက်တာ ဘယ့်နှယ်ဒီခရီးကိုရောက်နေတာလဲ"

"အေးပါလေ၊ ဒါတွေလည်း ပြောကြရအောင် အထဲကို ဝင်ပါဦးလို့ ဆိုပါပကော။ လာပါ" ဟုဆိုကာ ကျွန်တော်ကိုယ်တိုင် ရှေ့မှဝင်၍ နေပြီဖြစ် သဖြင့် ကိုမင်းဟန်လည်း တိုက်ကြီးကို စိတ်မချသော အမူအရာဖြင့် ထိုထို ဤဤ ကြည့်ရှုရင်း အတွင်းသို့ မရဲတရဲဝင်၍ လိုက်ပါလာလေ၏။

ဧည့်ခန်းအတွင်းသို့ ရောက်သောအခါ ကိုရေမွှေးအား လက်ဖက်ရည် သွားရောက်ဖျော်ရန် မှာကြားပြီးနောက် ကိုရေမွှေးနှင့် ကိုမင်းဟန်၏ကား သမားထွက်သွားသောအခါ ကျွန်တော်လည်း ကိုမင်းဟန်၏အနီးသို့ ကပ်ပြီး ထိုင်ကာ...

"ကိုမင်းဟန်၊ ခင်ဗျားကို ကျုပ် ဒီကိုခေါ်လာတော့ ခင်ဗျားနောက်ဆုတ် နောက်ဆုတ်ဖြစ်နေတယ်။ ခင်ဗျား ဒီတိုက်ကြီးထဲကို ရောက်ဖူးသလား၊ ဘာများကြားဖူးသလဲ..."

ကိုမင်းဟန်မှာမူကား ကျွန်တော်က အေးအေးလူလူ မေး၍နေသည့် တိုင်အောင် ၎င်းတွင် ကြောက်စိတ်မပြေသေးသည့်ဟန် အမူအရာရှိလေ၏။

mgyoe.com

mgyoe.com


"ကျုပ် ကြားဖူးသိဖူးထားတွေကို ပြောပြမယ်...၊ ဒါပေမဲ့ ခင်ဗျား ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတယ်ဆိုတာ ကျုပ်သိချင်တယ်။ ခင်ဗျားလည်း တွေ့... ပြီးပြီ... မဟုတ်လား"

"ညတိုင်းလိုပဲ၊ သို့ပေမဲ့ ကျုပ်တော့ မကြောက်ပါဘူး၊ ဟိုညဟိုညတုန်းကကြောက်ရင် အခုတော့ မကြောက်တော့ဘူး"

"မဟုတ်ပါဘူးဗျ၊ ခင်ဗျားဒီမှာ ဆက်နေလို့ မဖြစ်ဘူး၊ ခင်ဗျား ဒီအိမ်ကြီးအကြောင်းကို ကျုပ်သိသလောက် မသိဘူး၊ ဒါတောင် ကျုပ်လည်း အကုန်အစင်သိသေးတာ မဟုတ်ဘူး။ ဒီအိမ်ကြီးဟာ ဘယ်သူမှနေဖို့ကောင်းတဲ့ အိမ်ကြီး မဟုတ်ဘူးဗျ၊ ကျုပ် ဒီအကြောင်းကိုလည်း မိမိမြကို ပြောဖူးတယ်၊ ဒါနဲ့တောင် ခင်ဗျား ဒီကိုဘယ်လိုနည်းနဲ့ ရောက်လာတယ်ဆိုတာ ကျုပ် နားမလည်နိုင်ဘူး။ ဒီအိမ်မှာ နေတဲ့လူမှန်ရင် အရှင်ပြန်မထွက်ကြရဘူးဗျ၊ သေကြရတာချည်းပဲ၊ ဒါကြောင့် ခင်ဗျား ဒီမှာမနေနဲ့လို့ ကျုပ်က သတိပေးတာ"

"နေပါဦးဗျ၊ ပြောစမ်းပါဦး ဘယ်ပုံဘယ်နည်းဆိုတာ"

"ဒီလိုဗျ... ဒီတိုက်ကြီးဟာ မိမိမြတို့ အပိုင်ပဲ၊ မိမိမြယောကျ်ားရှိစဉ်က–

"သြော် မိမိမြဟာ အိမ်ထောင်ရှိဖူးသကိုး၊ နို့ သူ့ယောကျ်ားဘယ်မလဲ"

"သူ့ယောကျ်ားသေရှာပြီဗျ၊ ဟောဒီတိုက်ကြီးထဲမှာပဲ သေရှာတယ်၊ တစ်နှစ်လောက်ပဲ ပေါင်းလိုက်ရတယ်။ နယ်ပိုင် ဝန်ထောက်ပါပဲ၊ နို့ပေမဲ့ အသေဆိုးရတယ်။ ဆရာဝန်တွေကတော့ ဘာကြောင့်သေတယ်လို့ ကျကျနန မပြောနိုင်ဘူး၊ လေသင်တုန်း ဖြတ်တယ်လို့ဆိုတာပဲ၊ ကျုပ်တော့ တယ်ပြီး သူတို့ပြောတာကို မကျေနပ်လှဘူး။ တစ်မနက်မှာ မိမိမြ အိပ်ရာက နိုးတော့ သူ့ကို စာဖတ်ခန်းထဲမှာ လဲသေနေတာကို တွေ့ရတာပဲ၊ အဲဒီကစပြီး ဒီအိမ်ကြီးမှာနေတဲ့ လူဟူသမျှလည်း သေကြတာချည်းပဲ"

"နယ်ပိုင်ဝန်ထောက်ကြီးသေတော့ ကျုပ်လည်း စုံစမ်းတဲ့အရာရှိအဖြစ်နဲ့ ဒီကိုလာရတယ်။ ပထမဆုံးအကြိမ်ပဲ၊ အစေခံများဟာလည်း အင်မတန်ကို ယုံကြည်စိတ်ချရတဲ့လူတွေဖြစ်လို့ မိမိမြဟာ ဘယ်သူ့ကိုမှ မထင်တတ်ဘူး။ ကျုပ်တို့လည်း တာဝန်ရှိသလိုလုပ်ပြီး အမှုကို စုံစမ်းနေတုံး ဖြုန်းခနဲ တစ်နေ့

mgyoe.com

mgyoe.com


တော့ မိမိမြဆီကနေပြီး ကျုပ်ဆီကို စာတစ်စောင်ရောက်လာတယ်။ မိမိမြဆီကဆိုတော့ ကျုပ်လည်း သိပ်အားရသွားမိသပေါ့ဗျာ (ကိုမင်းဟန်မှာ မိမိမြအကြောင်းပြောရာတွင် လွန်စွာ မြိန်ရှက်ပုံရလေ၏။ ၎င်း၏မျက်နှာတွင် ယခင်က မြင်ရခဲ့လှသော အသွေးအရောင်တစ်ခုသည် ယှက်သန်းနေသည်ကို ကျွန်တော် သတိပြုမိလေ၏) မိမိမြဟာ အင်မတန့်ကို ချောတဲ့သူငယ်မဗျ၊ ဟိုနေ့က သူ့ဃောကျ်ားသေတော့ ညှိုးသွားတဲ့ မျက်နှာကလေးကို ကျုပ်မျက်စိမှာ ဘယ်တော့မှ ဖျောက်ဖျက်လို့ ရမှာမဟုတ်ဘူးဗျ"

"ကျုပ်တော့ မြင်မြင်ချင်း သနားမိတာပဲဗျို့၊ ဘယ့်နှယ်ဗျာ အသက်အရွယ်က ငယ်ငယ်ပဲရှိသေးတယ်။ ပြီးတော့ ပေါင်းလိုက်ကြရတာမှာပဲ တစ်နှစ်မှမကြာတတ်ဘူး။ ဒီလိုငယ်ငယ်ကလေးနဲ့ မုဆိုးမကလေး ဖြစ်ကျန်ရစ်ခဲ့တာဟာ အလွန့်အလွန်ကို သနားစရာပဲဗျ၊ အပြောအဆိုကလည်း အင်မတန့်ကို ချိုသာယဉ်ကျေးတော့..."

ကိုမင်းဟန်သည် မိမိမြအပေါ် မေတ္တာသက်ဝင်၍နေကြောင်းကို ထိုစကားများဖြင့် ထင်ရှားစွာ သိရလေ၏။ သို့သော် ကျွန်တော်၏အဖို့၌ မိမိမြမှာ အိမ်ကြီး၏ထူးဆန်းခြင်းလောက် အရေးမကြီးလှသဖြင့်

"ထားစမ်းပါဦးဗျာ၊ ခင်ဗျား မိမိမြအကြောင်းကို၊ သူ့ပို့လိုက်တယ်ဆိုတဲ့ စာအကြောင်း ဆက်စမ်းပါဦး"

ကိုမင်းဟန်မှာ ရှက်၍သွားပုံရလေ၏။ ပြီးမှ ပြုံးရယ်လျက်ဆက်လက်ကာ–

"သြော်... ပြောမှာပေါ့ဗျာ၊ အရေးကြီးလိုက်တာ လွန်ရော။ စာမှာကိုမင်းဟန် ကျေးဇူးပြုပြီး အမြန်တိုက်ကိုကြွခဲ့ပါ။ မိမိမြမှာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေပါတယ်လို့ပါတာနဲ့ ကျွန်တော်လည်း ရုံးအလုပ်ပြီးရင် ပြီးချင်းဆိုသလို ထပြေးရတာပေါ့ဗျာ၊ အဲဒီလိုပြေးရတော့ အို... စိတ်ထဲသိပ်ပျော်တာပဲဗျို့၊ မိမိမြဟာ ကျုပ်ကို ဘယ်တော့မှ ဒီလိုခေါ်ပြီး တိုင်ပင်လိမ့်မယ်လို့ မထင်မိဘူးဗျ၊ ပြီး.... သူ့မျက်နှာကလေးကို တစ်ခါမြင်ရဦးတော့မှာမို့"

"ဟေ့လူ... ခင်ဗျားမလည်း တစ်ခက်ပဲ။ ပြောစမ်းပါဦးဗျ။ တိုတိုတောင်းတောင်း၊ မိမိမြကိစ္စက ဘာကိစ္စလဲ"

"သြော်... ကိုမြင့်မောင်နှယ် လောလှချေလား။ ကဲ ကဲ ဒါနဲ့မိမိမြဆီ

mgyoe.com

mgyoe.com


ရောက်ရောဆိုပါတော့၊ ရောက်တော့ မိမိမြက ပျာပျာသလဲ ဟောဒီအခန်းထဲမှာပဲ ဧည့်ဝတ်ကျေပွန်စွာနှင့်ပေါ့ဗျာ၊ ဧည့်ခံရှာတာပါပဲဗျာ။ ဒီလိုဧည့်ခံတော့ သူမှာ အထိုက်အလျောက်ဆိုသလို ပြုံးနေရပေမဲ့ မျက်နှာကလေးက ဟိုနေ့ကထက် တိုးပြီး ညှိုးနေတယ်ဗျ"

"နည်းနည်းပါးပါး စကားစမိကြလို့ ကျုပ်ကအကြောင်းကိစ္စကို မေးတော့ မိမိမြဟာ အသာကလေး တွေနေပြီးတော့မှ ကျုပ်ကို ဒုက္ခပေးတယ်လို့လည်း မထင်ပါနဲ့တဲ့၊ နို့ပေမဲ့ သူ့မှာ အင်မတန်ကို ထူးခြားတဲ့ဟာတစ်ခုကို ၄–၅–၆ ညဆိုသလိုဆက်ပြီး တွေ့နေရပါတယ်တဲ့။ အဲဒါနဲ့ ကျုပ်က ဘာပါလိမ့်ဗျာလို့မေးတော့ မိမိမြက သူယောက်ျားဆုံးလို့ သပိတ်သွတ်တဲ့ကိစ္စပြီးလို့ ဆွေမျိုးညာတိသင်္ဂဟတွေ ပြန်သွားတဲ့ညမှာ ဒီတိုက်ကြီးမှာ သူနဲ့ သူ့အစေခံတွေပဲ ကျန်ရစ်ခဲ့တော့သတဲ့။ အားလုံးအိပ်ရာဝင်လို့ ညသန်းခေါင်ကျတဲ့ဆိုရင်ပဲ မိမိမြတော့ အပူသည်ကိုးဗျာ၊ ကောင်းကောင်း မအိပ်နိုင်ပေဘူးပ၊ အဲ့ဒါနဲ့ သိပ်ပြီးသာယာနာပျော်တဲ့ ချူသံလိုလို အသံကလေးကို သူ့အိပ်ခန်းထဲကနေပြီး ထူးထူးဆန်းဆန်း ကြားရသတဲ့၊ မိမိမြမှာလည်း ရုတ်တရက် အံ့အားသင့်လို့ပေါ့ဗျာ။ တော်တော်ကလေး ကြာတော့ ဒီချူသံတွေဟာ တိုးတိုးပြီး ကျယ်လာသတဲ့။ မိမိမြလည်း သတ္တိခဲကလေးဗျ၊ ဒီအသံတွေကြားတော့ ဘာများပါလိမ့်မလဲလို့ထပြီး ကြည့်တယ်။ အခန်းအပြင်ဘက်ရောက်တော့ ချူသံဟာ သူ့အိပ်ခန်းထဲကလိုလို ကြားရတယ်၊ ဒါနဲ့ အိပ်ခန်းထဲ ပြန်ဝင်ပြီး နားထောင်တော့ ချူသံဟာ အပြင်ဘက်ကလိုလိုကြားရပြန်တယ်။ ဒီလိုပဲ မိမိမြဟာ ဝင်ချည်ထွက်ချည်နဲ့ နေလိုက်တာဟာ အတော့်ကိုကြာသတဲ့"

"ပထမတော့ သူ့အစေခံတွေ နှိုးမယ်လို့ကြံသေးတယ်၊ နောက်မှ နေပေစေလေ ကြားရင်လည်း ငါ့လိုထပြီး နားထောင်ကြမှာပေါ့လို့ဆိုပြီး သူ့ယောကျ်ား စာဖတ်ခန်းနားရောက်မှ လှည့်ပြန်လာခဲ့တယ်။ အဲ့ဒီလိုလှည့်လိုက်တော့ မှောင်နေတဲ့ စာဖတ်ခန်းထဲမှာ ပြာလဲ့လဲ့အရောင်ကလေးတစ်ခုကို မြင်ရတယ်တဲ့။ ဒါနဲ့ သူလည်း ဘာပါလိမ့်ဆိုပြီး ဝင်ကြည့်တာပေါ့ဗျာ၊ ဒီတော့ လား... လား... ရောမလူသေ့မျက်နှာကြီးတစ်ခုကို မြင်ရတယ်ဆိုပဲ။ ဒါနဲ့ သူလည်း ရုတ်တရက်ဆိုတော့ လန့်ပြီး သူ့အခန်းကို သူပြန်ပြေးတာပေါ့ဗျ၊ အခန်းထဲရောက်တော့ တော်တော်နဲ့ မအိပ်နိုင်တော့ဘူးပေါ့ဗျာ၊ အဲ...

mgyoe.com

mgyoe.com


က ချုံသံတွေလည်း မနက်အာရုံသာတက်ပါရော ဆက်ပြီးမြည်မြဲမြည်နေသတဲ့"

"မိုးစင်စင်လင်းတော့ မိမိမြလည်း သူ့အိမ်သူပြန်ပြီး ကျကျနနစစ်ဆေးကြည့်တာပေါ့ဗျာ၊ ဒါပေမဲ့ ဘာမှထူးခြားတာကို မတွေ့ရဘူး။ အစေခံတွေလည်း ညက ချုံသံတွေကို ကြားရပုံမရကြဘူး။ ဒါနဲ့ မိမိမြလည်း နောက်ညအိပ်ရာဝင်ပြန်ရောဗျာ"

"အိပ်ရာဝင်ရပေမဲ့ အဲဒီညမှာတော့ စိတ်တကယ်မသန့်လှဘူးပေါ့ဗျာ၊ အဲ... ညသန်းခေါင်ကျတော့ မောင်မင်းကြီးသား ချုံသံတွေကို ကြားရပြန်ရောတဲ့ဗျာ။ ဒါနဲ့ မိမိမြလည်း အခန်းအပြင် ထွက်ရကောင်းမလား၊ မကောင်းဘူးလား စဉ်းစားနေဆဲ ဗြန်းခနဲဆို လူသေအနံ့လိုလို နှာခေါင်းထဲထိုးဝင်လာရောတဲ့ဗျာ။ လူသေအနံ့ဆိုတာက ကျုပ်တို့လို အခိုင်အမာအတောင် ၂၀ ဝတ်တဲ့ မင်းယောကျ်ားတွေတောင် မရှုဝံ့ကြဘူးကိုဗျ၊ ဒီတော့မိမိမြလည်း လန့်ပြီး အစေခံတွေကို နိူးတော့ အစေခံတွေလည်း ပြေးလာကြတာပေါ့ဗျ၊ သူတို့လာလို့ ချုံသံတွေ ရပ်သွားသလားဆိုတော့ မရပ်ဘူးဗျ"

"အနံ့ကြီးဟာလည်း ရှိသေးတာပဲ၊ မိမိမြမှာတော့ အစေခံတွေရောက်လာလို့ ကြောက်စိတ်ပြေသွားပါရဲ့၊ အစေခံတွေကတော့ တကတဲကြောက်လန့်ပြီး ဒီနေရာကမရွှေ့ဘူးကိုဗျ၊ အဲ လူသေအနံ့ကြီးကတော့ တော်တော်လေးအကြာမှာ ပျောက်သွားတယ်။ ချုံသံတွေကတော့ ရောင်နီကျင်းမှပဲငြိမ်သွားတော့သတဲ့"

"မနက်ကျတော့ အစေခံတွေက မိမိမြကို ကန်တော်ကြီးနားက အခုသူနေတဲ့တိုက်ကိုပြောင်းဖို့ ပြောကြတာပေါ့ဗျာ၊ မိမိမြကတော့ ဒီအကြောင်းတွေဟာဆန်းလွန်းလို့ သိချင်တာလည်းတစ်ကြောင်း၊ ပြီးတော့ သူ့ယောကျ်ားရဲ့ လက်ရာခြေရာတွေလည်း မပျက်စေချင်တာတစ်ကြောင်းနဲ့ မပြောင်းဘူး။ ဒီလိုပဲ စောင့်ကြည့်သေးတာပေါ့လို့ ပြောလိုက်တယ်။ နို့ပေမဲ့ အစေခံတွေကတော့ သူတို့မိုးချုပ်အောင်တောင် မနေဝံ့တော့ဘူးဆိုတာနဲ့ ကဲ ဒါဖြင့် ရှင်တို့ကန်တော်ကြီးကအိမ်ကို ပြောင်းနှင့်၊ ကျွန်မတော့ ဒီမှာ နေဝံ့တဲ့လူတွေနဲ့ နေရစ်မယ်၊ ကျွန်မ ယောကျ်ားဝယ်ထားခဲ့တဲ့ အိမ်ကြီးကိုတော့ ပစ်မသွားနိုင်ဘူးလို့ဆိုတာကိုးဗျ"

mgyoe.com

mgyoe.com

"ညကျတော့ မိမိမြ အိပ်ခန်းထဲမှာ မိမိမြနဲ့ မိန်းမကြီးတစ်ယောက်၊ အပြင်ဘက်မှာ အတော်သတ္တိကောင်းတဲ့ အစေခံယောက်ျားကြီး ၃–ယောက်၊ အဲ ၅–ယောက် ကျန်ရစ်တာကိုးဗျ။ ညဦးကတော့ အဲဒီညအဖို့ ဘယ်သူမှ မအိပ်ဘူးလို့ အောက်မေ့ကြသပေါ့ဗျာ၊ ၁၁ နာရီခွဲရင်ပဲ တဖြည်းဖြည်း မျက်စိလေးလာပြီး အိပ်ပျော်သွားကြသတဲ့"

"မိမိမြတစ်ယောက်သာ သိချင်ဇောနဲ့ အသာစောင့်နေတာပေါ့။ ည ၁၂ နာရီ ဒင်–ဒင်–ဒင်လို့ ထိုးရင်ပဲ ချူသံတွေကြားရပြန်ရောဗျ၊ မိမိမြလည်း အိပ်ရာကထပြီး အခန်းပြင်ကိုထွက်မယ်လို့ အလုပ် နောက်ဆီကနေပြီး သိပ်ပြီး ခြောက်ကပ်နေတဲ့ အသံသြကြီးနဲ့ ဘာလိုလိုပြောသံကြားလို့ လှည့်ကြည့်လိုက်တော့ ဘာမှမမြင်ရဘူးဗျ"

ကျွန်တော့်မှာ မိမိမြကဲ့သို့ ထိုအသံကြီးကို ကြားရသူဖြစ်သော်လည်း ထိုအသံကြီးပြောလိုက်သောစကားကို ကောင်းစွာ နားမလည်သောကြောင့် မိမိမြကြားပုံနှင့် တိုက်ဆိုင်လို၍ "နေပါဦး မိမိမြကြားလိုက်တဲ့စကားတွေက ဘာတွေလဲ"

"မသေချင်ရင်သွား... မသေချင်သွား... သွား... သွားလို့ကြားလိုက်ရသတဲ့ဗျ"

ဤတွင်မှ ကျွန်တော်လည်း ကျွန်တော်ကြားလိုက်ရသော စကားများမှာလည်း ထိုနည်းအတူဖြစ်သည်ကို ပြန်လှန်စဉ်းစားသိရှိလေ၏။ ကိုမင်းဟန်လည်း ဆက်၍–

"အဲ့ဒီမှာ မိမိမြလည်း ဟစ်ခါတည်း လန့်အော်တာဘဲဗျ၊ အစေခံတွေနိုးတော့ ဘာမှလည်း မလုပ်နိုင်ကြဘူးပေါ့ဗျာ၊ တစ်ယောက်ကိုတစ်ယောက် အားပေးရင်း မိုးလင်းခဲ့ရတာပဲ။ အဲ... မိုးလင်းတော့ မိမိမြဟာ ကျုပ်ဆီကို စာအပို့လွှတ်လိုက်တာပဲ"

"ကျုပ်လည်း မိမိမြကို အမျိုးမျိုး ဖျောင်းဖျပြောဆိုပြီး ကန်တော်ကြီးစောင်းကအိမ်ကို ပြောင်းခိုင်းရတာပေါ့ဗျ၊ ဒါတောင် သူ့ယောကျ်ားလက်ရာတွေ မပျောက်ပျက်ရအောင်ဆိုပြီး ဘာပစ္စည်းတစ်ခုမှ ရွှေ့လားပြောင်းလား မလုပ်ခဲ့ဘူး"

"အဲ့ဒါ ဘယ်လောက်ကြာပလဲ"

mgyoe.com

mgyoe.com



"၁၀–လလောက်ပဲရှိလိမ့်ဦးမယ်ဗျ"

"နို့ ဒီ ၁၀–လအတွင်း ဒီတိုက်ကြီးမှာ ဘယ်သူမှမနေခဲ့ဘူးပေါ့"

"နေခဲ့ပြီလားဗျာ… နေလွန်းလို့ ခက်တာပေါ့၊ ဒီမှာလာနေတဲ့ လူတွေဟာ ကျုပ်စောစောက ပြောသလို အရှင်ပြန်ပြီး မထွက်ကြရဘူးဗျ။ နေဦးအားလုံး ၆ ယောက်ရှိပြီ၊ ခင်ဗျားလိုပဲ လာပြီးနေကြတာ။ နို့ပေမဲ့ ဘယ်လိုသေကြမှန်း မသိဘူးဗျ၊ မနက်မနက်ကျမှသာ သေသေနေတာ တွေ့ရတာပဲ၊ သေတဲ့နေရာကလည်း ဒီအခန်းထဲမှာ များတာပဲ။ ဒါနဲ့ ကျုပ်လည်း မိမိမြကို ဒီအိမ်ကြီးဖြင့် မငှားပါနဲ့လို့ ပြောထားတာပဲ။ နို့ပေမဲ့ ဘာဖြစ်လို့ ခင်ဗျား ဒီကိုရောက်လာတယ်ဆိုတာ ကျုပ် နားမလည်နိုင်ဘူး"

ဤကဲ့သို့ ကိုမင်းဟန်က အကြောင်းစုံ အကုန်ပြန်ပြောမှ ကျွန်တော်သည် မိမိမြထံ အိမ်ငှားသွားစဉ်က မိမိမြသည် ဝမ်းသာရမည့်အစား ကျွန်တော့်အတွက် စိုးရိမ်သော အမူအရာကိုပြုခြင်း၊ မိမိမြသည် အိမ်ကြီးကို ရှင်းလင်းစေရာ၌ လူအမြောက်အမြားလွှတ်ရခြင်း၊ မိမိမြ၏အစေခံကြီးသည် အခန်းများအတွင်းသို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဝင်ခြင်းတို့ကို ကွင်းကွင်းကွက်ကွက် ရိပ်မိနားလည်တော့၏။

"နို့ ခင်ဗျားတို့စုံထောက်ဘက်က ဘာလုပ်နေသလဲ"

"ကျုပ်တို့လည်း စုံစမ်းဆဲဗျ၊ ဘာမှတော့ ထူးထူးခြားခြား မသိရသေးဘူး။ ဆရာဝန်တွေကတော့လည်း အခုသေသွားတဲ့ လူတွေဟာ အားလုံး လေသင်တုန်းဖြတ်ပြီး သေတယ်လို့ ပြောကြတယ်။ ဒီတော့လည်း ခက်နေပြန်ရော… စုံစမ်းရမှာက…။ ဒါနဲ့ပြောစမ်းပါဦး၊ ခင်ဗျားဒီတိုက်ကိုမှ ဘယ်ပုံဘယ်နည်းနဲ့ရောက်လာတာလဲ၊ မိမိမြက ဒီသွားဆိုလို့ လာခဲ့တာလား။ ဒီလိုဆိုရင်တော့ မိမိမြမကောင်း…"

"အို… ဒါမိမိမြအပြစ် မဟုတ်ဘူး၊ ကျုပ်အခုမှ အားလုံးပြန်ပြီး သတိရတယ်။ ခင်ဗျားလွှတ်လိုက်လို့ ကျုပ် သူ့ဆီသွားတော့ ချာချီလမ်းကတိုက်ဟာဖြင့် လက်မတင်ကလေး လွဲသွားတယ်လို့ ပြောတာကိုး။ ဒါဖြင့် လူသူပြတ်လပ်တဲ့နေရာမှာ မိမိမြအသိထဲက တစ်ယောက်ယောက်အိမ်မရှိဘူးလားလို့ ကျုပ်ကမေးတော့ မရှိဘူးတဲ့၊ ခုအခါဆိုတော့ အကျုပ်သားပဲလို့ ပြောတာကိုး။ ကျုပ်လည်းအားကိုးတစ်ခုနဲ့ လာခဲ့ပြီး အခုလို မရဘူးဆိုတော့ စိတ်သိပ်ပျက်

mgyoe.com

mgyoe.com


သွားတာပေါ့ဗျာ။ အဲ... ခဏကြာတော့မှ မိမိမြက တစ်နေရာတော့ရှိတယ်၊ ရွှေတောင်ကြားမှာ လူသွားလူလာတော့ အင်မတန်ကိုရှင်းတယ်၊ အဲဒီလိုသူက ပြောတာကိုးဗျ"

"ဒါနဲ့ကျုပ်မလည်း ဟာ–ဒါဖြင့် တော်ရဲ့လို့ဆိုပြီး၊ ညနေပဲပြောင်းတော့မယ်လို့ပြောလိုက်တယ်။ ဒီတော့ မိမိမြက တစ်ခုတော့ရှိတယ်လို့ ပြောတာကိုး...၊ အခု ခင်ဗျားပြောတာနဲ့ ဆက်စပ်ပြီးကြည့်လိုက်တော့ သူဒီအကြောင်းတွေကို ပြောမလို့ ကြံစည်တယ် ထင်ပါရဲ့၊ ကျုပ်ကသာ အားရဝမ်းသာနဲ့ အဖိုးစားနားအတွက် ပြောတယ်မှတ်လို့ လျှောက်ပြီးစကား ဖောင်ဖွဲ့တော့ သူလည်းကြားမဝင်သာတာနဲ့ နေလိုက်တယ်ထင်ပြီး ကျွန်တော်ပြန်မယ်လို့ နှုတ်ဆက်တော့တောင် ခင်ဗျားနဲ့လည်း တိုင်ပင်ကြည့်ပါဦးလို့ ပြောလိုက်သေးတယ်။ သူပြောခွင့်မရတော့ ခင်ဗျားက ပြောပြလိမ့်မယ်လို့ ယုံကြည်တယ်ထင်ပါရဲ့"

"ကျုပ် သူ့ဆီကပြန်လာတော့ ခင်ဗျားကို မတွေ့ဘူး။ ဒီတော့ ခင်ဗျားနဲ့လည်း မတိုင်ပင်ရဘူးပေါ့ဗျာ၊ ဟိုအခါက မိမိမြဟာ အိမ်ငှားရရက်နဲ့ ဝမ်းသာပုံမရဘဲ ထိတ်သလိုလို လန့်သလိုလို ဖြစ်နေတာကိုတော့ ကျုပ်သတိထားလိုက်မိပါရဲ့၊ နို့ပေမဲ့ ဒီအကြောင်းတွေကိုတော့ ဘယ်သိမလဲဗျ။ ခင်ဗျားက ဘယ်ကြွနေရတာတုံး၊ ဒီလောက်ကြာအောင်ဟာ"

"ဟာ ကျုပ်မလည်း ကျုပ်ကိစ္စနဲ့ ရှုပ်ထွေးနေတာပေါ့ဗျာ...။ ကျုပ်စိတ်ထင်ကတော့ ခင်ဗျားဟာ ချာချီလမ်းမှာပဲလို့ အောက်မေ့တယ်၊ ဒါကြောင့် မနက် ကျုပ်ကားလာရင် ခင်ဗျားဆီဆိုပြီး ချာချီလမ်းတိုက်ကို မုချသွားမိမှာဗျ၊ ခင်ဗျားလာပေလို့"

"ဒီအိမ်ကြီးအကြောင်းနဲ့တော့ ခင်ဗျားတို့ ဘာမှစုံစမ်းလို့မရသေးဘူးဟုတ်စ၊ မိမိမြ ဒီအိမ်ကြီးက ပြောင်းသွားတဲ့နောက် ခင်ဗျားဘယ်နှခေါက်ရောက်ပလဲ၊ အမှုစုံစမ်းရအောင်..."

"ဒီအိမ်ကြီးမှာတော့ ပထမအကြိမ်ရာကတည်းက ဘာမှထူးထူးခြားခြားမတွေ့ရလို့ ဒီကိုတော့ ၂ ခေါက် ၃ ခေါက်ဆိုသလိုပဲ ရောက်တယ်။ မိမိမြဆီကိုတော့ အမှုနဲ့ပတ်သက်ပြီး စုံစမ်းစရာကလေးတွေ ရှိလို့ မကြာခဏရောက်ပါရဲ့"

mgyoe.com

mgyoe.com

"သြော်... သြော်"

ကျွန်တော်လည်း ကိုမင်းဟန်ကိုလှမ်း၍ ကြည့်လေ၏။ ကျွန်တော် လှမ်း၍ ကြည့်လိုက်ပုံမှာ ကိုမင်းဟန်အား စိတ်မလုံဘဲ ရှိစေသည့်အလား ကိုမင်းဟန်သည် ကျွန်တော့်မျက်နှာကို အတန်ကြာ မကြည့်ရဲဘဲ ပြုံးတုံးတုံး လုပ်ကာ နေလေ၏။

အတန်ကြာမှ ကျွန်တော်က ဆက်လက်၍ ကျွန်တော်ကိုယ်တိုင်တွေ့ ကြုံရပုံတို့ကို ကိုမင်းဟန်အား ပြန်လှန်ပြောကြားရာ ကိုမင်းဟန်သည် ကျွန်တော့်အား လွန်စွာအံ့သြသော မျက်နှာဖြင့် ကြည့်နေပြီးမှ–

"အေး အဲဒါကြောင့် မောင်မင်းကြီးသား မြန်မြန်အိမ်ပြောင်းတော်မူ ပါလို့ ကျုပ်ကပြောတာပေါ့ဗျ၊ ခင်ဗျား ဒီမှာနေရင် ဟိုလူ ဟိုလူတွေလို..."

"အို–ကျုပ်ဒါတွေကို မကြောက်ဘူး၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ဖြစ် ချင်ရာဖြစ် ကျုပ်ဒီနေရာကိုတော့ မစွန့်ဘူး။ ဟိုလူတွေ ဘာဖြစ်လို့သေရတယ်၊ ဒီချုသံတွေ၊ ဒီလူသေမျက်နှာတွေ၊ အပုပ်နံ့တွေ၊ ဘာတွေဟာ ဘာကြောင့်ဖြစ် ရတယ်ဆိုတာကိုလည်း ကျုပ်မရမက စုံစမ်းမယ်။ ခင်ဗျားတို့စုံထောက်ဘက် က ဒီလောက်အရေးကြီးတဲ့ကိစ္စမှာ လူပျို့လှည့်နေတာကိုတော့ ကျုပ်စောင့်ပြီး မနေနိုင်ဘူး၊ အဲတစ်ခုတော့ ရှိတယ်၊ ကျုပ်အရင် ဒီအိမ်မှာနေတဲ့ လူတွေ အကြောင်းကိုတော့ ကျုပ် သိချင်တယ်။ ခင်ဗျားစုံစုံစေ့စေ့ ပြောနိုင်မလား"

"ကျုပ်လည်း တခြားအမှုတွေလိုက်နေရတာနဲ့ ဒီအမှုကို ကိုယ်ဖိရင်ဖိ စုံစမ်းရသေးတယ်ပဲ မရှိသေးပါဘူးဗျာ။ သို့ပေမဲ့ ခင်ဗျား သေသေချာချာ သိချင်ရင်ဖြင့် လာ မိမိမြဆီကို သွားကြစို့၊ မိမိမြတော့ ပြောနိုင်ပါလိမ့်မယ်"

"သွားတာပေါ့ဗျာ၊ ဖြည်းဖြည်း ဆေးဆေးပေါ့။ မသွားခင် ကျုပ် သေနတ်နဲ့ ပစ်လို့ အပေါက်ဖြစ်နေတဲ့နေရာက သွေးတွေ စီးကျသွားတာကို လိုက်ကြည့်လှည့်ပါဦး" ဟု ပြောပြောဆိုဆို ကျွန်တော်က ရှေ့မှထွက်ခွာ သွားပြီဖြစ်၍ ကိုမင်းဟန်တွင်လည်း မလွှဲသာသဖြင့် လိုက်ပါ ကြည့်ရှု ရလေ၏။

သို့သော် ကျွန်တော်ကဲ့သို့ပင် ကိုမင်းဟန်မှာလည်း ကောင်းစွာ နား မလည်သကဲ့သို့ တွေ၍နေလေ၏။ နောက်မှ ဖြစ်နိုင်ကောင်းသော အချက် အလက် တစ်ခုနှစ်ခုကို ၎င်းကပြောပြရာ ကျွန်တော်က တစ်ဖန်ပြန်၍ စစ်

mgyoe.com

mgyoe.com


ကြောမေးမြန်းသည့်အခါ မခိုင်လုံသည့်အတွက် ထိုအချက်အလက်တို့ကို မေ့ပျောက်ပစ်ရလေ၏။

အတန်ကြာ နှစ်ယောက်သား စဉ်းစားနေရသော်လည်း မည်သို့မျှ မကြံတတ်ဘဲရှိသောကြောင့် ကျွန်တော်ကပင် စတင်၍ "ကဲ ကိုမင်းဟန် မိမိမြဆီကို သွားကြစို့၊ မိမိမြဆီကျတော့ ကျွန်တော့်အရင်နေပြီး သေသွားတဲ့ လူခြောက်ယောက် ဘယ်ပုံဘယ်နည်းနဲ့ အိမ်ငှားပုံကို ခင်ဗျားမေးပေးပါ။ လာလာ အခုပဲ သွားကြမယ်..." ဟု ပြောလျက် နှစ်ယောက်သား ထွက်၍ လာရာ ကိုမင်းဟန်၏ကားမောင်းသမားနှင့် ကိုရေမွေးတို့သည်လည်း နောက်မှလိုက်ပါလာခဲ့ကြလေ၏။

လမ်းတွင် ကိုမင်းဟန်က "နေပါဦးဗျ၊ ခင်ဗျား ကျုပ်မေးတာကို မဖြေရသေးဘူး။ ခင်ဗျား ရန်ကုန်ကို မှန်းလှပါတယ်ဆိုပြီးတော့ ဘာကြောင့်လာရပြန်တာလဲ၊ အကြောင်းအရင်းကို ရှင်းပြစမ်းပါဦး"

"ကျုပ်တို့ အချင်းချင်းမို့ ဖွင့်ပြောရပေမပေါ့ဗျ..." ဟု ပြောပြီးနောက် ကျွန်တော် စစ်ကိုင်းတွင် အမှုလိုက်ပေးသည်ကစ၍ ခေတ္တမျှမြင်လိုက်ရသော မခင်ယုံအား မနေနိုင် မထိုင်နိုင်အောင် မျက်စိထဲတွင် မြင်ယောင်လျက်နေခြင်းကြောင့် ရန်ကုန်တွင် မတွေ့မချင်းရှာဖွေရန် လာခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြန်ပြောင်းပြောပြရာ ကိုမင်းဟန်မှာ လက်ခုပ်လက်ဝါးပင်တီး၍ ရယ်မောလေ၏။

ဟုတ်မှန်ရာကိုဆိုသော် ကျွန်တော့်မှာ ကိုမင်းဟန် ရယ်သောအခါ လွန်စွာရှက်၍သွားမိလေ၏။ သို့သော် မခင်ယုံအား ချစ်ခြင်းသည် ချစ်ခြင်းဖြစ်၍ မည်သူကမည်မျှပင် ကဲ့ရဲ့စေကာမူ မခင်ယုံအားတွေ့၍ အကျိုးအကြောင်းကို ပြောရသော် တော်လှပြီဟု စဉ်းစားကာ ကိုမင်းဟန်၏ပြောင်လှောင်ပြောဆိုသောစကားတို့ကိုပင် ဂရုစိုက်၍ နားထောင်မနေနိုင်ဘဲ ကိုယ်စိတ်ကူးနှင့်ကိုယ် လိုက်ပါလာခဲ့လေ၏။

မိမိမြတို့ တိုက်သို့ရောက်သောအခါ မိမိမြ ကိုယ်တိုင်ပင် မော်တော်ကားသံကြား၍ ထွက်လာလျက် အလွန်ချစ်စနိုးသော အမူအရာဖြင့် ကိုမင်းဟန်အား "ကိုမင်းဟန်၊ ရှင်တို့များ အခုမှပေါ်လာတယ်" ဟု ကိုမင်းဟန် တစ်ယောက်တည်းဖြစ်သည်ဟု ထင်မှတ်၍ အားပါးတရအပြစ်တင်သလိုလို နှုတ်ဆက်လိုက်ပြီးမှ ကျွန်တော့်ကိုမြင်၍ ရှက်စနိုးဖြစ်ကာ "အို... ကိုမင်းဟန်

mgyoe.com

mgyoe.com


သူငယ်ချင်းလည်းပါလာသလား ကြွပါ–ကြွပါ” ဟုဣန္ဒြေဆည်လျက် ပြောသည်ကို တွေ့ရပေ၏။

မိမိမြကို မြင်ရသောအခါ ကိုမင်းဟန်မှာ ချစ်ခြင်းမေတ္တာသက်ရောက်နေသူဖြစ်သည့်အလျောက် ဝမ်းမြောက်ခြင်းဖြစ်၍နေသော်လည်း ကျွန်တော့်မှာကား မိမိမြ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမကလေးဖြစ်၍ ကျန်ရစ်ခဲ့ခြင်းအတွက် ဝမ်းနည်းသလိုလို ဖြစ်မိကာ ၎င်း၏လှပသာယာ ကျက်သရေရှိလှစွာသော မျက်နှာကလေးကို မသိမသာ ကြည့်၍ နေမိလေ၏။

မိမိမြမှာ ကိုမင်းဟန် စွဲမက်မည်ဆိုက စွဲမက်လောက်သောသူဖြစ်ပေ၏။ ကျွန်တော်ပင်လည်း အကယ်၍သာ မခင်ယုံ၏မျက်နှာကို စစ်ကိုင်းမြို့တွင် မတွေ့မမြင်လိုက်မိက မိမိမြကိုပင် ကြိုက်ကောင်းကြိုက်ပေလိမ့်မည်ဖြစ်ကြောင်းနှင့် ဝန်ခံရမည်ဖြစ်ပေ၏။

မိမိမြသည် ကျွန်တော့်အား ကောင်းစွာကြည့်ရဲပုံမရ၊ စကားပြောဆိုဖွယ်ရှိလျှင်လည်း ကိုမင်းဟန်မှတစ်ဆင့်သာ ကျွန်တော့်အား ပြောကြားသည်ကို တွေ့ရရာ မိမိမြကား ကျွန်တော့်အတွက် မျက်နှာပူ၍ နေလေပြီဟု သိရလေ၏။ မိမိမြ မျက်နှာပူ၍သာ ပူရသည်။ စင်စစ် ထိုတိုက်အိမ်ကြီးသို့ရောက်၍ သွားခြင်းမှာ ၎င်း၏အပြစ်မဟုတ်၊ ကျွန်တော်၏အပြစ်ပင် ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်က ထိုအိမ်ကြီး၌ပင် နေထိုင်တော့မည်ဟု ပြောသည့်အခါ ၎င်းက ထိုအိမ်ကြီး မသန့်ပုံကို ပြောရန်ကြံရွယ်လျက် စကားပျိုးခြင်းပြုခဲ့သည်မှာ အမှန်ပင်ဖြစ်ပေ၏။ ကျွန်တော်ကသာ နေလိုဇောဖြင့် အခြားသော အရာတို့ကို ပြောမိခြင်းကြောင့် ၎င်းတွင် ပြောကွက်မသာ၍ မပြောလိုက်ရခြင်းမျှသာ ဖြစ်ပေ၏။

အတန်ကြာ ထိုင်မိကြသောအခါ ကိုမင်းဟန်ကစ၍ပင်...

“မိမိမြ၊ သည်က ကျုပ်မိတ်ဆွေ ကိုမြင့်မောင်လည်း မိမိမြ တွေ့ရကြုံရသလို ဟိုတိုက်ကြီးမှာ တွေ့ကြုံနေရတယ်။ အဲဒါနဲ့ပတ်သက်လို့ သူ မရှင်းတဲ့အချက်ကလေးတွေရှိတာကို မိမိမြ တစ်ဆိတ်ဖြေရှင်းစေချင်ပါတယ်” မိမိမြသည် ကျွန်တော့်ဘက်ကို လွန်စွာအားနာသော မျက်နှာထားဖြင့် မေးလိုရာမေးပါတော့ဟု အခွင့်ပေးသည့်အလား လှည့်၍ကြည့်သည်တွင် ကျွန်တော်လည်း “အခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော် သိချင်တဲ့အချက်က ဒီအိမ်

mgyoe.com

mgyoe.com


ကြီးဟာ ဘယ်အခါတုန်းကစပြီး ဒါမျိုးတွေ စွဲကပ်လာသလဲဆိုတာ သိချင်တာပါပဲ…"

"တိုက်ကြီးကို ကိုကိုထွေးက သိပ်သဘောကျလို့ ဝယ်တာပဲ၊ ကိုကိုထွေးရှိနေစဉ်တုန်းကတော့ ထူးထူးခြားခြားရယ်လို့ ဘာမှသတိမထားမိဘူး၊ ကိုကိုထွေး မဆုံးခင်တစ်ညကျမှ ချူသံလိုလို ဘာလိုလိုကြားရပါတယ်။ နို့ပေမဲ့ ခဏချင်းနဲ့ အသံပျောက်သွားလို့ မိမိအိပ်မက်မက်နေတယ်လေလို့ အောက်မေ့ပြီး အမှတ်တမဲ့ပဲ နေလိုက်တယ်၊ နောက်တစ်နေ့မနက်တော့ ကိုကိုထွေး စာဖတ်ခန်းထဲမှာ သေနေတာတွေ့လို့ မိမိလည်း ဒီက ကိုမင်းဟန်တို့နဲ့ ဆရာဝန်ကို ခေါ်ရတာပဲ…"

"ဆရာဝန်တွေကတော့ လေသင်တုန်းဖြတ်တယ်လို့ ပြောကြပါတယ်။ နို့ပေမဲ့ အဲဒီတိုက်ကြီးရဲ့ ညာဘက်မှာ အုတ်တိုက်ကလေးလိုလိုရှိပါရောလား။ အဲဒီအုတ်တိုက်မှာနေတဲ့ ဆရာဝန်ကတော့ ကိုကိုထွေးဟာ ရိုးရိုးသေတာ မဟုတ်ဘူးတဲ့၊ တစ်ခုခုကြောက်စရာ လန့်စရာကိုမြင်ပြီး လိပ်ပြာလွင့်သေတယ်လို့ မိမိကို ပြောပြပါတယ်။ မိမိလည်း အစကတော့ ဘယ်သူက မှန်တယ်လို့ ဝေခွဲမရဘူး၊ နောက် ကိုကိုထွေး ဈာပနကိစ္စပြီးလို့ ဧည့်သည်တွေ ပြန်သွားပြီး အစေခံတွေနဲ့ မိမိပဲကျန်ရစ်ခဲ့တော့ အဲဒီညမှာ ချူသံလိုလိုကြားပြီး တဖြည်းဖြည်း ကျယ်ကျယ်လာတာနဲ့ မိမိလည်း ထကြည့်မိတယ်၊ ဘာတွေတွေ့ရတယ်ဆိုတာတော့ ကိုမင်းဟန်လည်း သိပြီးပါပဲ"

"ဟုတ်ပါတယ်၊ ကိုမင်းဟန်လည်း ပြောသင့်သလောက်တော့ ပြောပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော်သိချင်တာက မိမိမြ ဟိုတိုက်ကြီးက ပြောင်းလာတဲ့နောက် အိမ်ငှားတဲ့သူ ခြောက်ယောက်ရှိတယ်ဆို၊ ဒီလူတွေဟာ ဘယ်လိုလူတွေလဲ"

"ဘယ်လိုမှန်းရယ်လို့တော့ မိမိ မသိပါဘူး။ သူတို့တုန်းကတော့ မိမိငှားရတာ မဟုတ်ပါဘူး။ ဒေါ်ဒေါ်သန်းနဲ့တွေ့လို့ ဒေါ်ဒေါ်သန်းပဲ စရန်တွေ ဘာတွေယူပြီး လက်ခံလိုက်တာပဲ၊ မိမိမြတော့ တစ်ခါမှ သူတို့ကို မမြင်ဖူးရိုးအမှန်ပါ"

"အနို့ ဒီဒေါ်ဒေါ်သန်းက နောက်လာတဲ့လူတွေကို အကျိုးအကြောင်း သတိမပေးဘူးလား"

mgyoe.com

mgyoe.com

"ဒေါ်ဒေါ်သန်းကိုယ်တိုင်က ဒီအကြောင်းတွေ ဘယ်လိုဘယ်သို့ဆိုတာ နားမလည်လို့ သတိပေးဖူးမယ် မထင်ပါဘူး။ သူတို့ သေလို့ဒီက အစေခံများကို လွှတ်တော့ ဆရာဝန်က လေသင်တုန်းဖြတ်သေတယ်လို့ ပြောကြတာပဲ။ အဲဟို မိမိကို ကိုကိုထွေး ဆုံးတုန်းကပြောတဲ့ အိမ်နားက ဆရာဝန်ကတော့ လေသင်တုန်းမဟုတ်ဘူး၊ ဒီဆရာဝန်ကောင်တွေ နားမလည်ဘူး၊ တစ်ခုခုကြောက်စရာ လန့်စရာမြင်လို့ သေတယ်လို့ ပြောသတဲ့။ မိမိလည်း အစကတော့ မယုံမိဘူး။ နို့ပေမယ့် အခုတော့ သူပြောတာကပဲ မှန်နေပြီ ထင်တယ်။ ဒီက အိမ်လာငှားတော့လည်း မိမိပြောမလို့ပါပဲ နို့ပေမဲ့"

"အို... ဟုတ်ပါပြီ၊ ကျွန်တော်လည်း လောမိလို့ မိမိမြပြောခွင့်မရတာပါ၊ ဒါမိမိမြ အပြစ်မဟုတ်ပါဘူး။ မိမိမြက နောက်ဆုံး ကိုမင်းဟန်နဲ့ တိုင်ပင်ကြည့်ပါဦးလို့တောင် ပြောလိုက်သေးတာပဲ။ ကျွန်တော်လည်း ပထမတော့ တိုင်ပင်မလို့ပါပဲ။ နို့ပေမဲ့ ဒီကပြန်သွားတော့ မောင်မင်းကြီးသားက နယ်လှည့်ထွက်နေရလို့ ဘယ်သူမှ မတိုင်ပင်အားဘဲ သွားခဲ့တာပဲ"

ကိုမင်းဟန်သည် မိမိမြစကားပြောသည့်အခါတွင် မိမိမြအား စိုက်၍ကြည့်လျက် ကျွန်တော်စကားပြောသည့်အချိန်တွင်လည်း ကျွန်တော့်ဘက်သို့ လှည့်၍ကြည့်ခြင်းဖြင့် ငြိမ်သက်စွာ နားထောင်နေခဲ့လေ၏။ သို့သော် ၎င်း၏မျက်လုံးများသည် မိမိမြအပေါ်သို့ မကြာခဏ ဝဲကာ၍လျက်ရှိသည်ကို မိမိမြကိုယ်တိုင်က သတိထားမိဟန်တူသော်လည်း ကျွန်တော်၏ ဖျတ်လတ်သော မျက်စိသည်ကား တစ်ခုမကျန် တွေ့မြင်ရလေ၏။

ကျွန်တော် စကားပြောရပ်၍ သွားသောအခါ မိမိမြလည်း ကျွန်တော့်အား လွန်စွာအားနာသောမျက်နှာဖြင့် တစ်ကြိမ်လှမ်း၍ ကြည့်ပြန်လေ၏။ ထိုအခါ ကိုမင်းဟန်က...

"ဩော် ကျုပ်လည်း ရုတ်တရက်ကိစ္စကကြီးတော့ ထသွားရတာပေါ့ဗျာ၊ ခင်ဗျားရောက်တဲ့နေ့ မဦးမချွတ်မို့ ကျုပ်လည်း ဘယ်သွားချင်လိမ့်မလဲ၊ နို့ပေမဲ့ တာဝန်ဆိုတာ အခက်သားကလား။ ကဲ... လွန်ပြီးတာတွေ ပြီးပါစေတော့၊ ကျုပ်အကြံပေးရမယ်ဆိုရင်ဖြင့် ခင်ဗျား ဒီတိုက်ကြီးက မြန်မြန်ပြောင်းရင် ကောင်းလိမ့်မယ်ထင်တာပဲ၊ နို့မဟုတ်ရင် နောင်တော့် နောင်တော်

mgyoe.com

mgyoe.com


တွေလို ဖြစ်နေမှာစိုးရတယ်။ အခုပဲ ခင်ဗျား မြင်မကောင်း ကြားမကောင်းတာ တွေ တွေ့နေရပြီ။ ကဲ ဘယ့်နှယ်သဘောရသလဲ ပြောသာပြောပါ၊ ဒီက မိမိမြအတွက်ကတော့ အားနာစရာမရှိပါဘူး။ ခင်ဗျားအေးဖြစ်အောင်တော့ မိမိမြလည်း ကြံရွယ်မယ် မဟုတ်ပါဘူး။ ကဲ ဒီတော့ ပြောပေတော့"

အမှန်စင်စစ်မှာ ကျွန်တော်သည် ပထမတစ်ည၊ နှစ်ညကပင် ထိုအိမ်ကြီးမှထွက်၍ ပြေးချင်သောစိတ်များ ဖြစ်ပေါ်လျက်ရှိနေပေ၏။ သို့သော် ယခုဖြစ်ပုံမှာ ကျွန်တော် တစ်ယောက်တွင်သာမဟုတ်၊ ကျွန်တော့်အရင် ခြောက်ယောက်လုံးလုံးပင် ထူးဆန်းစွာ သေခဲ့ရ၏။ ဆရာဝန်များက လေသင်တုန်းဟု ဆိုကြသော်လည်း ကျွန်တော်သည် ကျွန်တော့် အိမ်ကြီး၏လက်ယာဘက်ရှိ တိုက်ငယ်ကလေး၌ နေသည်ဆိုသော ဆရာဝန်ပြောသော စကားကို လွန်စွာကြိုက်နှစ်သက်၏။ ကြိုက်နှစ်သက်လောက်အောင် အထောက်အထားလည်းရှိ၏။ အသံကြီးသည် ကျွန်တော့်အား (မသေချင်ရင် သွား၊ မသေချင် သွား သွား သွား) ဟု ပြောခြင်းမှာ ကျွန်တော့်အား ထိုအိမ်ကြီး၌ မနေနိုင်အောင် နှင်ခြင်းဖြစ်၏။ မိမိမြသည် ထိုအသံကြီးကိုကြား၍ လျင်မြန်စွာ ရွှေ့ပြောင်းခဲ့သဖြင့် အသက်မှချမ်းသာရာရခဲ့၏။

သို့ဆိုလျှင် ယခင်က မိမိမြ ခင်ပွန်းနှင့်တကွ နောက်လူခြောက်ယောက်တို့လည်း ထိုအသံကြီးကို ကြားကြရမည်သာဖြစ်၏။ ထိုအသံကြီးမှာ မည်သည့်အရာမှ ဖြစ်ပွားလာသည်ကို မသိရသော်လည်း သရဲ၏အသံမဟုတ်၊ လူ၏အသံပင်ဖြစ်သည်ဟု ကျွန်တော် ထင်မြင်၏။ ထို့ပြင် အသံကြားရာသို့ သေနတ်ဖြင့် ပစ်ရာ၌ သွေးများထွက်ခြင်းကလည်း စဉ်းစားဖွယ်ရှိ၏။ သရဲတို့မည်သည် သွေးထွက်သည်ဟု မကြားစဖူး၊ သို့ဖြစ်၍ လူပင်ဖြစ်ရမည်ဖြစ်၏။ လူလူချင်းဖြစ်လျှင် ကြောက်ဖွယ်ရာမရှိ၊ တစ်နေ့နေ့ကျလျှင် တွေ့ကြရမည်သာ ဖြစ်၏။ သို့ကြောင့် သတိလက်မလွတ်ဘဲ နေခဲ့လျှင် ကြောက်ဖို့မလို၊ သတိဖြင့်နေပြီးလျှင် ဤရှုပ်ထွေးသော အခင်းကိစ္စကို မရရအောင် ရှင်းအံ့ဟု စိတ်၌ တစ်ခဏချင်း တွေးတောမိလေ၏။

ထို့ပြင် ထိုအိမ်ကြီး၌ ကျကျနနနေရန် ပြင်ဆင်ပြီးမှ ကြောက်လန့်၍ တခြားသို့ ပြောင်းရွှေ့ရမည်ဆိုသော် မိမိမြ၏စိတ်တွင် ကျွန်တော်ကား လွန်စွာ သူရဲဘောနည်းသူဖြစ်သည်ဟု ထင်ကောင်းထင်မြင်ပေလိမ့်မည် ဖြစ်၏။

mgyoe.com

mgyoe.com

ထိုသို့လည်း အထင်မခံနိုင်၊ သို့ကြောင့် မည်သို့ပင်ဖြစ်စေ ဤအိမ်ကြီး၌ ပင်နေတော့အံ့ဟု စိတ်ကိုပိုင်းဖြတ်လိုက်ပြီးလျှင်...

"သြော် ကိုမင်းဟန်နှယ်၊ ခင်ဗျား ကျုပ်အကြောင်းလည်း အသိသားနဲ့။ ကျုပ်တော့ နေမိတဲ့နေရာမှာ ဘာပဲဖြစ်ဖြစ်နေတော့မှာပဲ၊ တတ်နိုင်လို့ သိကြားဆင်းတားပစေ မရဘူး။ ကျုပ်တော့ မပြောင်းဘူး၊ ဒီအိမ်မှာ လူခုနစ်ယောက်သေရင် လူခုနစ်ယောက် ဘာကြောင့်သေရတယ်ဆိုတာ ကျုပ်စုံစမ်းမယ်၊ မရမချင်း မနေဘူး။ ကျုပ် ရန်ကုန်မှာ အမှုလိုက်ပြီးစားဖို့ လာတာတော့ အမှန်ပဲ၊ နို့ပေမဲ့ စုံထောက်တွေက မဟန်တော့ ကျုပ်ကိုယ်တိုင်ပဲ ကြံရလိမ့်မယ်"ဟု ကျွန်တော်လည်း စိတ်လိုက်မာန်ပါပြောမိရာ ကိုမင်းဟန်မှာ ၎င်း၏ အလုပ်အကိုင်အကြောင်းကိုသိ၍ အတန်ငယ် မျက်နှာပျက်သလိုလို ရှိပုံရသော်လည်း မိမိမြမှာကား ကျွန်တော့်အား များစွာ အံ့သြချီးမွမ်းသည့်အမူအရာဖြင့် ကြည့်နေသည်ကို တွေ့မြင်ရသောကြောင့် ရတ်တရက်သော် ကျွန်တော်၏မျက်လုံးများကို ပြန်၍ မနုတ်သိမ်းနိုင်ဘဲ ရှိလေ၏။

နောက်မှ ကိုမင်းဟန်က "အဲ... ဒါမှ အညာသားဗျ၊ ပဲကြီးရဲ့သတ္တိကို မိမိမြ မသိသေးဘူးမှတ်တယ်။ ဟဲ... ဟဲ" ဟု ရောနှော၍ ရယ်ဖွယ်ညှပ်လိုက်မှ ကျွန်တော်တို့သုံးယောက်လည်း ပြုံးရယ်လာနိုင်ကြလေ၏။

လက်ဖက်ရည်များသောက်ပြီးနောက် ပြန်ကြမည့်ဆဲဆဲ နှုတ်ခွန်းဆက်သောအခါ မိမိမြသည် ကိုမင်းဟန်အား ကြာမြင့်စွာ မကြည့်ဘဲ ကျွန်တော့်ကိုသာ အံ့သြခြင်း၊ ချီးမွမ်းခြင်း၊ ယုံကြည်ကိုးစားခြင်းစသော အရိပ်အယောင်တို့ပါရှိသည့် မျက်လုံးများဖြင့် စိုက်၍ကြည့်နေခြင်းကြောင့် ကျွန်တော့်မှာ အားရသလိုလိုဖြစ်မိပေ၏။ ပြီးမှ ကိုမင်းဟန်အား သတိရကာ ဣန္ဒြေဆည်နေလိုက်ရလေ၏။

သို့သော် မိမိမြ၏ ထိုခဏတွေ့မြင်ရသော မျက်နှာကလေးကိုမူကား ရက်ပေါင်းများစွာ ကြာမြင့်သည်တိုင်အောင် ဖျောက်ဖျက်၍ မရနိုင်ဘဲ ရှိခဲ့ပေသတည်း။

*

mgyoe.com

mgyoe.com

# ( ၇ )

မိမိမြဲထံမှ ပြန်လာ၍ ကိုမင်းဟန်နှင့် ကျွန်တော် လူချင်းခွဲကြမည်ရှိသောအခါ ကျွန်တော့်မှာ မိမိမြဲရှေ့တွင် ကိုမင်းဟန်တို့ စုံထောက်များအသုံးမကျပုံကို ပြောဆိုခဲ့မိသည့်အတွက် ဝမ်းနည်းသလိုလို ဖြစ်မိပေ၏။

"ကိုမင်းဟန် ကျုပ်တော့အဟုတ်ကို ဒီအိမ်ကြီးက မခွာတော့ဘူး။ ဒီအသံတွေ ဘာတွေဟာ ဘာပဲဖြစ်ဖြစ် ကျုပ်တော့ ရှင်းရှင်းလင်းလင်း မသိရမချင်း မခွာဘူး။ ခင်ဗျားတို့မှာလည်း ဟိုလူတွေ သေတဲ့အတွက် စုံစမ်းဖို့ ရှိသေးတယ်မဟုတ်လား။ ကဲ–ဒီတော့ ခင်ဗျားတို့လာချင်လာ မလာချင်နေ ကျုပ်တော့ ဒီအရှုပ်ကြီး ရှင်းအောင်လုပ်ရလိမ့်မယ်။ ကျုပ် ကြောက်လို့တော့ မဟုတ်ပါဘူး။ နို့ပေမဲ့ ကျုပ်အထင် ခင်ဗျားပါလာရင် ကောင်းလိမ့်မယ်ထင်တယ်။ ကျုပ်တို့တစ်စုံတစ်ခု တစ်စွန်းတစ်စသိရရင် ခင်ဗျားလည်း ဆိုင်ရာကို ပြောစရာရပြန်တာပေါ့"

ကိုမင်းဟန်မှာ တစ်လမ်းလုံး လေးလေးနက်နက် စဉ်းစား၍လိုက်ပါလာခဲ့သည်ဖြစ်ရာ ကျွန်ုပ်က ယခုကဲ့သို့ပြောသည့်အခါ သို့တိုင်အောင် တစ်စုံတစ်ရာ ပြန်ကြားပြောဆိုခြင်းမရှိဘဲ နေသောကြောင့်...

"ဘယ့်နှယ်လဲ ကိုမင်းဟန်၊ ကျုပ်ပြောတာ ခင်ဗျား ဘယ့်နှယ်သဘောရသလဲ" ဟု ထပ်၍ မေးပြန်မှ ကိုမင်းဟန်က–

"အေးဗျာ ကျုပ်လည်း တစ်လမ်းလုံး စဉ်းစားလာခဲ့တာပဲ၊ ခင်ဗျားပြောသလို ကျုပ်တို့တော့ ဒီကိစ္စဟာ အင်မတန် ရှုပ်ထွေးတယ်ဆိုပြီး မစဉ်း

mgyoe.com

mgyoe.com


စားနိုင်အောင်ရှိတာနဲ့ စုံစမ်းမရတဲ့အနေမျိုး၊ တိုတိုပြောရရင် ရိုးရိုးသေတဲ့ အနေမျိုးပေါ့ဗျာ၊ အမှုကို ပိတ်လိုက်မယ်ကြံနေတာပဲ။ နို့ပေမဲ့ အခုခင်ဗျား က ပြောပြန်တော့ ကျုပ်လည်း ဒီအမှုကို ပြန်ကောက်ချင်သလိုလို ဖြစ်လာပြီ။ ကဲ ဒါဖြင့် ညကျရင် ကျုပ်ပုလိပ်တချို့နဲ့ ခင်ဗျားအိမ်ကြီးကိုလာခဲ့မယ်၊ ဒီတော့မှ မီးစင်ကြည့်ကကြစို့ရဲ့ဟုတ်လား" ဟု အားတက်သရော ပြောဆို သဖြင့် ကျွန်တော့်မှာ များစွာ အားတက်မိပေ၏။

ကိုမင်းဟန်၏ရုံးဝသို့ရောက်သောအခါ ကိုမင်းဟန်က ၎င်းနှင့်အတူ ရုံးထဲသို့လိုက်ခဲ့ရန် ခေါ်ငင်သော်လည်း ကျွန်တော့်မှာ ၎င်း၏အလုပ်မပျက် စေလိုသည်တစ်ကြောင်း၊ သွားရင်းလာရင်း မခင်ယုံဆိုသော ကျွန်တော့်စိတ် မှန်းဖြင့် ချစ်ကြိုက်နေရသော မိန်းမပျိုကလေးကို တွေ့လိုတွေ့ငြား ကြည့်ရှုရှာ ဖွေလိုသေးသည်တစ်ကြောင်းတို့ကြောင့် ကိုမင်းဟန်ထံမှ ခွင့်တောင်းကာ ကိုရေမွေးကိုမူ ညစ္ဆည့်ခံရန်အတွက် စားဖွယ်သောက်ဖွယ်ကလေးတို့ကို ဝယ် ခြမ်းရန် စေလွှတ်လိုက်ပြီးနောက် ကျွန်တော့်ဘာသာ တစ်ယောက်တည်း လျှောက်၍ လာခဲ့လေ၏။

ဆူးလေဘုရားလမ်းမကြီးသို့ရောက်သောအခါ အတန်ကြာမျှ လမ်းသွားလမ်းလာတို့ကိုရပ်၍ ကြည့်ရှုနေပြီးနောက် အကယ်ပင် ၎င်းတို့ အနက် မခင်ယုံပါ၍လာသည့်တိုင်အောင် မည်သို့စတင်၍ ပြောရပါမည် နည်းဟု တွေးတောမရနိုင်ခြင်းကြောင့် နောင်စိတ်အေးလက်အေး ရှိသည့် အခါမှ ကျကျနန စဉ်းစားတော့မည်ဟု စိတ်ဝယ်ပိုင်းဖြတ်ကာ ကျွန်တော် လည်း နဂါးတံဆိပ် မော်တော်ဘတ်စ်ကားကိုစီးလျက် လိုက်ပါသွားပြီးလျှင် ချင်းချောင်းတိုက်အိမ်ကြီးကိုလွန်မိမှ ဆင်း၍ တောင်ကုန်းများကို ဖြတ်ကျော် ကာ ရွှေတောင်ကြားဘက်သို့ လာခဲ့လေ၏။

အိမ်ကြီးအရေး အလွန်ရှုပ်ထွေးလျက် ရှိခြင်းအကြောင်းကို ကျွန်တော့် မှာ တစ်လမ်းလုံးမစဉ်းစားဘဲမနေနိုင်။ ကျွန်တော့်အရင် မိမိမြ၏ခင်ပွန်းသည် ပါနှင့်ပါလျှင် ပေါင်းခုနစ်ယောက်လုံးလုံး သေပျောက်ကြရခြင်းအကြောင်း မှာ အလွန်အံ့ဩဖွယ်ဖြစ်ခဲ့၏။ ဆရာဝန်များကမူ ပြီးလွယ်စေကြောင်းဖြင့် လေသင်တုန်းဖြတ်၍ သေသည်ဟု ဆိုခဲ့ကြ၏။ သို့သော် မိမိမြပြောဆိုချက် အရ ကျွန်တော့် အိမ်ကြီး၏လက်ယာဘက်ရှိ တိုက်အိမ်ကလေးမှ ဆရာဝန်

mgyoe.com

mgyoe.com

ကမူ လေသင်တုန်းကြောင့်မဟုတ်၊ တစ်စုံတစ်ခု ကြောက်ဖွယ်လန့်ဖွယ်ကို တွေ့မြင်၍ လိပ်ပြာလွင့်ပြီး သေရသည်ဟုဆို၏။ ထိုဆရာဝန်ဆိုချက်ကို ကျွန်တော်လည်း နှစ်သက်သလိုလို ရှိမိသောကြောင့် အိမ်ပြန်ရောက်၍ ရေမိုးချိုးပြီးလျှင် ပြီးချင်း ထိုသူထံသို့ သွားရောက်မေးမြန်းရန် သန္နိဋ္ဌာန်ချလိုက်လေ၏။

ကျွန်တော် ပြန်၍လာသောလမ်းမှာ စင်စစ်အားဖြင့် လူကြီးလူကောင်းတို့ သွားလေ့သွားထရှိသော လမ်းမဟုတ်။ အိမ်များ၊ တိုက်များ၊ ခြံများ၏ ကျောဘက် တောင်ကုန်း တောင်ပူစာကလေးများအကြား၌ ဖြတ်၍သွားသော ဖြတ်လမ်းကလေးမျှသာ ဖြစ်ခြင်းကြောင့် လူသွားလူလာ လွန်စွာရှင်းလင်း၍ နေပေ၏။ ဆင်ခြေလျှော မြက်ခင်းများတွင်သာ နွားများသည် ပျင်းရိစွာ လဲလျောင်း၍ စားမြုံ့ပြန်နေကြလေ၏။

အတန်ငယ်သွားမိရာ ဝဲ့စ်ခုသောလမ်းကလေးသည် ကျွန်တော်မျက်မှာမှ၍ သွားရာလမ်းကလေးကိုဖြတ်၍ သွားသည်ကို တွေ့ရသောကြောင့် ကျွန်တော်လည်း မည်သည့်နေရာကလာ၍ မည်သည့်အရပ်သို့သွားသော လမ်းဖြစ်ပါလိမ့်မည်နည်းဟု တစ်မျှော်တစ်ခေါ်ကြီး ကြည့်လိုက်သောအခါ ရုတ်တရက်သော် ကျွန်တော့်မှာ ရှေ့သို့ဆက်၍ မသွားနိုင်၊ စိတ်ထဲ၌လည်း ဝမ်းမြောက်ဝမ်းသာခြင်းတို့သည် မြင်းဆယ်ကောင်အားရှိသည့် စက်များဝင်၍ ခုတ်နေသကဲ့သို့ တလှုပ်လှုပ်တရွရွ မျိုသိပ်၍ မရနိုင်အောင် တကြွကြွ တခုန်ခုန် ဖြစ်နေလေ၏။

ကျွန်တော်၏ မျက်စိများကား မမှားနိုင်၊ ထိုလမ်းကလေးပေါ်ရှိ ဖြည်းညင်းစွာ သွား၍နေသူမှာ လွန်ခဲ့သော ၂ လခန့်က စစ်ကိုင်းမြို့တွင် ကျွန်တော်၏ အသည်းနှလုံးကို နုတ်ယူ၍သွားသော မခင်ယုံပင်ဖြစ်ကြောင်းကို ကျွန်တော့်မှာ အဝေးကပင် ထင်ထင်ရှားရှား မြင်တွေ့၍ နေရလေ၏။

ကျွန်တော်လည်း ကြီးစွာသော ဝမ်းမြောက်ခြင်းဖြင့် ၎င်းအား မီရန် ပြေး၍လိုက်မည်ပင်ကြံမိ၏။ နောက်မှ ၎င်းကမှတ်မိလျှင်ကောင်းပါ၏။ မမှတ်မိလျှင် အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့မည်ဟု တွေးတောမိပြန်လျက် လိုက်ရကောင်းမည် မကောင်းမည်ကို ချိန်ဆ၍ နေစဉ်ပင် မခင်ယုံသည် ကျွန်တော်နှင့် အတန်ငယ်လှမ်းသည့်နေရာသို့ ရောက်သွားလျက်

mgyoe.com

mgyoe.com


မကြာမီပင် တောင်ကွယ်၌ လူလုံးကွယ်သွားတော့မည်ဖြစ်ခြင်းကြောင့် ကျွန်တော့်မှာ ပြေး၍ လိုက်ရလေ၏။

ကျွန်တော်၏ တစ်သက်တွင် ထိုအခါကကဲ့သို့ တစ်ခါဖူးမျှ ခြေလှမ်းသွက်ခဲ့ဖူးသည်မရှိ။ ကျွန်တော့်တစ်ကိုယ်လုံးပင် စိတ်တွင် ငှက်တောင် ပမာဏမျှသာ လေးသည်ဟု ထင်မိလေ၏။

မခင်ယုံမှာမူကား ကျွန်တော်နောက်မှလိုက်၍ ချောင်းမြောင်းကြည့်ရှုနေသည်ကို မသိသည့်အလား ခေါင်းကလေးကို ငိုက်စိုက်ချကာ ကျွန်တော့်ရှေ့မှ သွား၍ နေပေ၏။

ကျွန်တော့်စိတ်တွင် မခင်ယုံအား ပြေး၍ လာကြည့်လို၊ မြင်လို၊ ပြောလို၊ ဆိုလိုလျက်ရှိနေလေ၏။ သို့သော် ၎င်း၏အရိပ်အခြည်ကို လိုက်လံ၍ ကြည့်ဦးမည်။ ကြည့်ပြီးမှ သင့်လျော်သလို မတွေ့တွေ့အောင် ကြံတော့မည်ဟု စိတ်ကိုပိုင်းဖြတ်ကာ ကျွန်တော်လည်း နောက်က အတော်အတန်ခွာ၍ လိုက်ခဲ့ရာ တစ်ခုသော တောင်ကုန်းကလေးအကွေ့သို့ရောက်သောအခါ မခင်ယုံသည် လမ်းအတိုင်း မလိုက်ဘဲ လက်ဝဲဘက်သို့ချိုးလျက် ခြံတစ်ခုအတွင်းသို့ဝင်၍ သွားသောကြောင့် ကျွန်တော်လည်း အတန်ငယ် အရိပ်အခြည်ကို စောင့်၍ ကြည့်ပြီးလျှင် လမ်းအတိုင်း ဆက်၍ လိုက်ခဲ့လေ၏။

ထိုလမ်းကလေးမှာ မခင်ယုံဝင်၍ သွားသော ခြံကြီး၏ဘေးတွင်ကပ်၍ ရှိနေပေ၏။ ကျွန်တော်၏လက်ယာဘက်တွင် သစ်ပင်ကြီးများ ညို့မှိုင်းဝေဆာလျက် လူနေအိမ်ဟုမရှိ။ ပကတိ သစ်တောကြီးပမာဖြစ်နေသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း မခင်ယုံဝင်၍သွားသော ခြံကြီးကိုသာ အကဲခတ်ကြည့်ရှုရင်း ရှေ့သို့တိုး၍ လာခဲ့လေရာ မကြာမြင့်မီပင် လမ်းမကြီးသို့ ရောက်ခဲ့လေ၏။

လမ်းမကြီးမှာ ကျွန်တော်လိုက်လာသော လမ်းကလေးနှင့် ဆုံသည့်နေရာတွင် ကွေ့၍ သွားသောကြောင့် ကျွန်တော်လည်း လက်ဝဲဘက်သို့ချိုး၍ မခင်ယုံ ဝင်သွားသော ခြံကြီး၏ရှေ့ဘက်ကို အမှတ်မဲ့အကဲခတ်ကြည့်ရှုရာ ထိုခြံကြီးအတွင်း၌ အနောက်နိုင်ငံသားများ ဆောက်လုပ်နေထိုင်တတ်သည့် တဲကလေးပမာဏမျှရှိသော အုတ်တိုက်ကလေးကို တွေ့မြင်၍ သေသေချာချာကြည့်သောအခါ ထိုအုတ်တိုက်ကလေးမှာ အခြားမဟုတ်၊

mgyoe.com

ကျွန်တော်နေသော တိုက်ကြီး၏ လက်ယာဘက်၌ရှိသော တိုက်ကလေးပင် ဖြစ်၍နေသည်ကို တွေ့ရလေ၏။

ဤတွင်မှ ကျွန်တော့်မှာ မခင်ယုံနှင့် ဤမျှနီးကပ်စွာ နေခဲ့လျက် မသိခဲ့ခြင်းမှာ ကံဆိုးလှလေစွဟု မိမိ၏ကံကို အပြစ်ချရင်း တွေ့မည် တွေ့ရာ၌ ဤကဲ့သို့ နီးနီးကပ်ကပ် တွေ့လာရသည့်အတွက် ဝမ်းမြောက်ခြင်း ဖြစ်ရလေ၏။

မိမိမြ ပြောလိုက်သော စကားတို့တွင် ထိုတိုက်ကလေး၌ ဆရာဝန် တစ်ဦးနေ၍ ကျွန်တော့်အိမ်ကြီး၌ သေသူများနှင့်ပတ်သက်၍ ထိုဆရာဝန် ပြောသောစကားမှာ ကျွန်တော်၏သဘောနှင့်တိုက်ဆိုင်နေခြင်းကြောင့် စောစောကပင် ကျွန်တော်သည် ထိုတိုက်သို့သွားရောက်စုံစမ်းရန် ကြံရွယ် ခဲ့သည်ဖြစ်ရာ ယခုထိုတိုက်သို့ မခင်ယုံဝင်၍ သွားသည်ကို မြင်လိုက်ရသော အခါတွင်ကား သာ၍ပင်သွားလိုစိတ်များ တစ်ချက်ခုတ်ရုံနှင့် နှစ်ချက်ပြတ် မည့်အရေးကို တွေးရင်း ပြုံး၍ နေမိလေ၏။

ကျွန်တော်လည်း အတန်ငယ်ကြာသောအခါ မခင်ယုံဝင်၍သွားသော ခြံကြီးအတွင်းရှိ တိုက်အိမ်ကလေးဆီသို့ ထွက်၍လာခဲ့ရာ ကျွန်တော်ခြံဝသို့ မရောက်သေးမီ မော်တော်ကားတစ်စင်း အရှိန်ပြင်းစွာနှင့် ခြံရှေ့လမ်းပေါ်မှ မြို့ဘက်သို့ထွက်ခွာသွားသံကို ကြားလိုက်ရသည်မှတစ်ပါး ထိုနေရာတွင် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေ၏။

ကျွန်တော်၏စိတ်တွင် ယခုမှ မခင်ယုံနှင့် တွေ့ကောင်းတွေ့ရတော့ မည်ဖြစ်၍ တကယ်ပင် တွေ့ဆုံကြရသည့်တိုင်အောင် မည်သည့်စကားက စတင်၍ပြောဆိုရမည်ကို စဉ်းစား၍မရနိုင်ဘဲ ရှိလေ၏။ တစ်ဖက်ကလည်း ဆရာဝန်နှင့်တွေ့လျှင် မည်သို့ဆိုမည်ဟု တွေးတောမိလျက် ဆရာဝန်နှင့် မခင်ယုံသည် မည်သို့တော်စပ်သည်ကို သိလိုသော စိတ်ကလည်း များစွာ ထက်သန်လျက် ရှိလေ၏။

သို့ဖြင့်ပင် မမှန်သောခြေလှမ်းများဖြင့် ကျွန်တော်သည် ဆရာဝန်နေ သည်ဆိုသော ထိုတဲအိမ်ပမာ တိုက်တာကလေး ရှေ့သို့ရောက်၍လာပြီးလျှင် တံခါးကိုခေါက်ရာ တံခါးသည် ဖြည်းညင်းစွာ ပွင့်လာပြီးနောက် အစေခံနှင့် တူသော အဘိုးကြီးတစ်ဦး၏ မျက်နှာပေါ်ထွက်လာသည်ကို တွေ့ရသည်နှင့်—

mgyoe.com